# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၄၈)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများအားစစ်ဆေးပြီး လိုအပ်သည်များမှာကြားစဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများအား စစ်ဆေး

### နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများအား စစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ➔*

**ထူးခြားသည့် ညအပူချိန်များ** (၁၆-၁၁-၂၀၂၅)

| | |
|---|---|
| ဟားခါးမြို့ | ၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |


**ယနေ့ ဗတ်စရာ**

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၁၆) စိုက်ပျိုးမွေးမြူရေးပညာရပ်များ သင်ကြားရာတွင် အဝေးသင်ပညာရေး၏ အခန်းကဏ္ဍ — ဆောင်းပါး စာ ၁၂

သီရိလင်္ကာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေဒေါ်လာ ၂ ဒသမ ၆၆ ဘီလီယံခန့်ရရှိ — နိုင်ငံတကာသတင်း စာ ၁၄

မြန်မာ့အလင်း

# နည်းလမ်းတကျဖြစ်သည့် နိုင်ငံရေးစနစ်အတွက် ရွေးကောက်ပွဲသည် အခြေခံ

လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်မှာ ယနေ့မှစ၍ ရေတွက်လျှင် ရက်ပေါင်း ၄၀ ကျော်မျှသာ ကျန်ရှိနေပြီဖြစ်သည်။ ရွေးကောက်ပွဲကို လုံခြုံရေးအရ အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ တစ်ပိုင်းနှင့်တစ်ပိုင်း ရက်သတ္တနှစ်ပတ်ခြား၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ပြီးဆုံးသွားမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းပြီးချိန်မှစ၍ ယခုအချိန်ထိ အစိုးရအဆက်ဆက်တို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များအတိုင်းသာ ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်ပြန်လည်ရောက်ရှိရေး၊ ဒီမိုကရေစီအခွင့်အရေးများကို ပြည်သူများ ပြန်လည်ခံစားရရှိနိုင်ရေးအတွက် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေဖြတ်သန်းကြရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အကြမ်းဖက်အဖျက်အမှောင့် အနှောင့်အယှက်များကြောင့် ရွေးကောက်ပွဲကို အပိုင်းပိုင်းခွဲ၍ ကျင်းပရစေကာမူ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး၊ မဲမသမာမှုများ ကင်းရှင်းရေး၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ရေးတို့အတွက် အလေးဂရုပြုပြင်ဆင်ကျင်းပသွားရန် ဆောင်ရွက်နေခြင်းဖြစ်ရာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုသည်။

လက်ရှိအချိန်တွင် ရွေးကောက်ပွဲကို ဆန့်ကျင်နေကြသူများမှာ ရွေးကောက်ပွဲအပြီးတွင်ဖြစ်ပေါ်လာမည့် မိမိတို့နိုင်ငံ၏အခင်းအကျင်းသစ်တွင် ဘေးသို့ရောက်ကြရမည့်သူများ၊ ရပ်တည်ရန်ခက်ခဲကြမည့်သူများ၊ ကိုယ်ကျိုးစီးပွားရှာဖွေခွင့် ပျောက်ကွယ်သွားကြမည့်သူများနှင့် အသိဥာဏ်နည်းပါးသည့် အစွဲအလမ်းကြီးသူများသာဖြစ်သည်။ ၎င်းတို့မှာ ဒီမိုကရေစီကိုလိုလားကြောင်း၊ ဒီမိုကရေစီကိုမြတ်နိုးကြောင်း စသည်ဖြင့် ပြောကြားနေကြစေကာမူ ၎င်းတို့၏တွေးပုံခေါ်ပုံနှင့် လုပ်ရပ်များမှာ ပါတီတစ်ခုတည်း၊ လူပုဂ္ဂိုလ်တစ်ဦးတည်းမှလွဲလျှင် ကွဲပြားခြားနားမှုကို လက်မခံ၊ မိမိတို့နှင့်မတူပါက ရန်သူအဖြစ် ဆက်ဆံသတ်မှတ်သည့်အပြင် ကွန်မြူနစ်တို့၏ အတွေးအခေါ်၊ ကွန်မြူနစ်လမ်းစဉ်နှင့် ကွန်မြူနစ်လုပ်ရပ်များကိုပင် ရောထွေးလက်ခံကျင့်သုံးနေကြသည်ကို တွေ့ရှိနိုင်သည်။

ဒီမိုကရေစီကို အမှန်တကယ်လိုလားသည့်ပြည်သူများအနေဖြင့် မိမိတို့ကိုယ်စား၊ မိမိတို့ကလွှဲအပ်သည့် အချုပ်အခြာအာဏာကို ကျင့်သုံးပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ထမ်းရွက်ဖော်ဆောင်မည့်သူများမှာ ဥာဏ်ပညာအရည်အချင်း ပြည့်စုံသူ၊ မှန်ကန်စွာ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသူ၊ ပြည်သူကိုအလေးထား၍ ပြည်သူ့အကျိုးစီးပွားကို အဓိကဖော်ဆောင်သူ၊ ပြည်သူကိုစည်းရုံး၍ မှန်ကန်စွာဦးဆောင်နိုင်စွမ်းရှိသူ၊ လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် လူမှုစီးပွားဘဝများကို အလေးဂရုပြုသူ စသည့် ကိုယ်ရည်ကိုယ်သွေးများကို ပိုင်ဆိုင်ထားသူများ ဟုတ်မဟုတ် စိစစ်လေ့လာရွေးချယ်ကြရန်သာလိုပြီး မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ်ဟူ၍ မျက်စိမှိတ်ပုံအပ်လိုက်ခြင်းက ဆင်ခြင်မှုနည်းပါးရာ ကျမည်ဖြစ်သည်။

“မိမိတို့ကျင်းပသည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးရန်လိုကြောင်း၊ ... မိမိတို့နိုင်ငံ၏ နည်းလမ်းတကျဖြစ်သည့် နိုင်ငံရေးစနစ်ဖြစ်စေရေး ရွေးကောက်ပွဲသည် အခြေခံဖြစ်သဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း” နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် နိုဝင်ဘာ ၁၅ ရက်ကတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေးနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် အလေးထားဆောင်ရွက်ထားသည့်အပြင် မဲမသမာမှုကင်းရှင်းရေးအတွက်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များဖြင့် မဲပေးကြရမည်ဖြစ်သည့်အလျောက် မဖြစ်မနေဖြတ်သန်းကြရမည့် ရွေးကောက်ပွဲကြီးအောင်မြင်ရေး၊ မဲပေးရန်အရည်အချင်းပြည့်စုံသူအားလုံး မဲပေးကြရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

**၁၆ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး** (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇ - ၁၁ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | ၄၅၀၅ | ၂၈၅၀ | ၂၆၇၀ | ၂၈၉၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၃၀ | ၂၈၀၅ |
| 95 Ron | ၂၆၆၀ | ၂၇၇၅ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၈၅ | ၂၈၀၅ | ၂၇၃၀ | ၄၅၆၀ | ၃၀၂၅ | ၂၇၅၀ | ၂၈၇၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၀၀ | ၃၀၆၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၅ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၈၅ | ၂၆၁၅ | - | ၂၈၀၅ | ၂၆၃၀ | ၃၂၉၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၉၀ | ၂၈၄၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၂၀၅ | ၃၁၂၀ | ၃၂၃၅ | ၃၀၅၅ | ၄၈၃၀ | ၃၄၅၀ | ၃၀၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |
| HSD (10 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၂၀၅ | ၃၁၂၀ | ၃၂၃၅ | ၃၀၅၅ | - | ၃၄၅၀ | ၃၀၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၂၈ | ၂၅၁၀ |
| 95 Ron | ၂၅၀၃ | ၂၅၈၆ |
| HSD (500 ppm) | ၂၃၈၇ | ၂၄၆၄ |
| HSD (50 ppm) | ၂၉၁၃ | ၃၀၀၁ |
| HSD (10 ppm) | ၂၉၁၃ | ၃၀၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❍ *ရှေ့ဖုံးမှ*

ဦးစွာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်က တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လမ်းပန်းဆက်သွယ်မှုများကောင်းမွန်ရေးနှင့် လုံခြုံမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော တရားမဝင် ဆောက်လုပ်ထားသည့် KK Park အဆောက်အအုံများအား ရှင်းလင်းဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ မရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိမှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

**ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲ ဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲ ဂရုပြုနေရန်နှင့်အလေးအနက်ထား ဆောင်ရွက်သွားရန်လိုကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်သည့် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များအားလုံးကိုလည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မဟာဗျူဟာအရ အရေးကြီးသည့် လမ်းကြောင်းများအားလုံး လုံခြုံချောမွေ့စွာဖြင့် သွားလာအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကိုလည်း မိမိတို့အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆက်လက်ရှင်းလင်း တိုက်ဖျက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်များအားလုံး၊ စစ်သည်များ အားလုံးအနေဖြင့် စစ်သည်တော်ကောင်းစိတ်ဓာတ်ဖြင့် မိမိတို့တပ်ဖွဲ့၊ အဖွဲ့အစည်း၏ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျရှိပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝသည့် တပ်များဖြစ်စေရေးအတွက်လည်း ကြပ်မတ်လေ့ကျင့် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေး အတွက်လည်း မိမိတို့တပ်ရင်း၊ တပ်ဖွဲ့များအလိုက် လေ့ကျင့်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်းစီအလိုက် တိုက်ပွဲဝင်လိုသည့် စိတ်ဓာတ်၊ တိုက်ပွဲဝင်ရဲသည့် စိတ်ဓာတ်များ ရှိစေရေးအတွက်လည်း လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မကြာမီ ကျင်းပပြုလုပ်သွားမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စေရေးအတွက်လည်း လိုအပ်သည်များကို အလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေး**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မော်လမြိုင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံ လိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြားစဉ်။

- ❖ **တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မဟာဗျူဟာအရ အရေးကြီးသည့်လမ်းကြောင်းများအားလုံး လုံခြုံချောမွေ့စွာဖြင့် သွားလာအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရမည်**
- ❖ **ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးအတွက်လည်း မိမိတို့တပ်ရင်း၊ တပ်ဖွဲ့များအလိုက် လေ့ကျင့်ရေး လုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်**
- ❖ **လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာနယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# မွန်ပြည်နယ်အတွင်း ခရီးသွားများအား ဆွဲဆောင်နိုင်သည့် နေရာများစွာရှိသည့်အတွက် ခရီးသွားများ လာရောက်လေ့လာနိုင်ရေးဆောင်ရွက် ငရုတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏စီးပွားရေး ပိုမိုတိုးတက်လာနိုင်မည်

**❑ မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများ လွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရေးအတွက် လူသွားလမ်းအား အဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်သည့်နေရာများကို တည်ဆောက်ပေးသွားမည်**

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ရော်ဘာထုတ်လုပ်မှုများတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်များထုတ်လုပ်လျက်ရှိမှုနှင့် နေလှန်းဆားများထုတ်လုပ်၍ ပြည်ပသို့တင်ပို့နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME ထုတ်ကုန်များ ပြပွဲ၊ ပြိုင်ပွဲများကျင်းပပြုလုပ်လျက်ရှိမှု၊ ပြည်နယ်အတွင်း ပညာရေးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းများ၌ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များဖြင့် ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ခရီးသွားလာမှုများပြားသည့် ပြည်နယ်ဖြစ်သည့်အတွက် ဟိုတယ်နှင့်တည်းခိုခန်းများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစနစ်အသုံးပြု၍ လျှပ်စစ်မီးပေးနိုင်ရေး ရင်းနှီးမတည်ငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ မွန်ပြည်နယ်အတွင်း ခရီးစဉ်ဒေသများစွာဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်ထားရှိသဖြင့် လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းပြေးဆွဲပေးစေလိုမှု၊ မျိုးစေ့ထုတ်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေး အတွက် မျိုးသန့်မျိုးပွားမျိုးစေ့ (RS) များ ပံ့ပိုးပေးစေလိုမှု၊ ရော်ဘာစိုက်ပျိုးမှုလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးချေးငွေများ ထပ်မံထုတ်ပေးစေလိုမှု၊ ပြည်နယ်အတွင်း ဆန်စက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီပေးစေလိုမှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

### တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

တင်ပြမှုများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဟိုတယ်လုပ်ငန်းရှင်များ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ထုတ်ချေးငွေများရရှိစေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ လေကြောင်းခရီးစဉ်တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ စပါးမျိုးသန့်မျိုးပွားမျိုးစေ့များ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးထားပြီး ထပ်မံလိုအပ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်မှုများဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးပေးထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထပ်မံလိုအပ်သည့် ရင်းနှီးမတည်ငွေများကိုလည်း

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာမညအားကစားကွင်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

*စာမျက်နှာ ၄ မှ*

ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ မျိုးကောင်းမျိုးသန့်များ လုံလောက်စွာရရှိစေရေး တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီ (ရိုဘတ်စတာမျိုး) များ စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် စိုက်ပျိုးဆောင်ရွက်သွားကြရန် လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြစ်စေရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ ရော်ဘာအထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိမှု၊ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှုများ လျော့ကျလျက်ရှိမှု၊ ကမ်းရိုးတန်းဒီရေတောများ ပိုမိုတိုးချဲ့စိုက်ပျိုးပေးနိုင်မှု၊ သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုမရှိစေရေး သစ်ပင်သစ်တောများ တိုးချဲ့စိုက်ပျိုးလျက်ရှိမှု၊ မွန်ပြည်နယ်အတွင်း ဝါးများ ပေါကြွယ်ဝစွာ ပေါက်ရောက်သည့်အတွက် ဝါးကို အခြေခံသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှု၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားသက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**မွန်ပြည်နယ်ရှိ ဒေသခံများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် ဒေသစီးပွားရေး ကောင်းမွန်ရေးအတွက် ဆွေးနွေးမှာကြား**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုတစ်ကြိမ် မော်လမြိုင်ခရီးစဉ်၌ မော်လမြိုင်ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာမြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မွန်ပြည်နယ်သည် စီးပွားရေးတိုးတက်ကောင်းမွန်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့် နေရာများစွာရှိကြောင်း၊ ထို့ကြောင့် **“အိမ်သာမှ ညှော်လာမည်”** ဆိုသည့်အတိုင်း မိမိတို့မြို့ရွာပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အလားတူ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများလည်း များစွာရှိသဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်း၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း။

မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများ လွတ်လပ်စွာ အပန်းဖြေအနားယူနိုင်ရေးအတွက် လူသွားလမ်းအား အဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်သည့် နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ မော်လမြိုင်လေဆိပ်တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲ

**❝ အားကစားကွင်းများသည် အဆင့်မီရမည်ဖြစ်ပြီး အားကစားသမားများအနေဖြင့် အဆင့်အတန်းရှိစွာဖြင့် ကစားနိုင်သည့် အနေအထားဖြစ်ရန်လိုသကဲ့သို့ ပွဲကြည့်ပရိသတ်များအနေဖြင့် ပြည်နယ်အဆင့်နှင့်လျော်ညီစွာ ကြည့်ရှုအားပေးနိုင်ရမည် ❞**

နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မီးရထားပို့ဆောင်ရေးကဏ္ဍမြှင့်တင်နိုင်ရန်အတွက်လည်း ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အချို့သော အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကုန်စည်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသော်လည်း အဖျက်သမားအချို့ကြောင့် တည်ဆောက်ပြီး လမ်း၊ တံတား၊ အဆောက်အအုံများ ပျက်စီးခဲ့ရမှုများရှိကြောင်း၊ ၎င်းတို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် နှောင့်နှေးနေရကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေများကိုလည်း ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ထုတ်ချေးပေးထားသည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စနစ်တကျပြန်လည်ပေးဆပ်ကြရန်လည်း လိုကြောင်း။

မိမိတို့အနေဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ထိုက်သင့်သည့် ဈေးနှုန်းများဖြစ်စေရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးထားကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းလာမည်ဆိုပါက ပြည်တွင်း ကုန်ဈေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်း လိုအပ်သည့် ရောင်းလိုအားနှင့် ဝယ်လိုအားကို တွက်ချက်၍ ကုန်ထုတ်လုပ်မှုများကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ပိုလျှံသည့်ထုတ်ကုန်များကို အခြားဒေသများနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သဖြင့် ဒေသဝင်ငွေတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စပါးစိုက်ပျိုးမှု အပါအဝင် ပန်းတိုင်ရည်မှန်းချက်ပေးထားသည့် သီးနှံများ တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဆုံးရှုံးနေရကြောင်း၊ ထို့ကြောင့် တစ်ဧကအထွက်နှုန်းများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စပါးတစ်ဧကအထွက်နှုန်းပြည့်မီရေးအတွက် နည်းစနစ်တကျစိုက်ပျိုးရန်လိုပြီး ပင်ကြားတန်းကြားများ ပြည့်မီအောင်စိုက်ပျိုးကြရန်လိုကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် ၄ မျိုးကို စနစ်တကျအသုံးချ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက တစ်ဧကအထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း။

မွန်ပြည်နယ်နှင့်ပတ်သက်၍ ခရိုင်များအလိုက် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဖွင့်လှစ်ရာတွင် မွေးမြူရေးပညာရပ်အတွက် တက်ရောက်သည့် ကျောင်းသားကျောင်းသူဦးရေမှာ နည်းပါးလျက်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဒေသ၏ကုန်ထုတ်လုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် လူသားအရင်းအမြစ်များကို ရရှိမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေး၌ အရေးပါသည့် အသား၊ ငါး၊ ဥများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် သက်သာသောဈေးနှုန်းရရှိစေရေး မွေးမြူရေးလုပ်ငန်းသည် အရေးကြီးကြောင်း၊ ဒေသအတွက်လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့် ဥများ၏ ဈေးနှုန်းများ တည်ငြိမ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျတိုးချဲ့ဆောင်ရွက်သွားကြရန်လိုသကဲ့သို့ မီးဖိုချောင်သုံးသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် အသား၊ ငါးများကို အေးခဲအသား၊ ငါးများအဖြစ် အဆင့်မြင့်ကုန်ချောထုတ်ကုန်များ ပြုလုပ်ကာ ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါကလည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

ထိုကဲ့သို့ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးအထူးအလေးပေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားသော်လည်း တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းမှာ နည်းပါးနေသေးသဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများ ယခင်ကထက် မြင့်မားလာစေရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်ပညာသင်ယူနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသားကျောင်းသူများ၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသည်အထိသာ ကျောင်းတက်ရောက်ခဲ့ရသူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ပါဝင်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးနှင့်ဆက်စပ်၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၌ အားကစားကို အဆင့်မီမီဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာသင်ယူရုံသာမက ကိုယ်လက်လှုပ်ရှား အားကစားကိုလည်း ဆောင်ရွက်မှသာလျှင် ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် *စာမျက်နှာ ၆ သို့*

**❑ အချို့သောဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှုမရှိဘဲ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်လျက်ရှိ၊ ထိုကဲ့သို့ တရားမဝင်ကုန်သွယ်မှုများဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို သက်ဆိုးရှည်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်အခများရရှိမှုမရှိသည့်အတွက် ထိခိုက်နစ်နာရလျက်ရှိ**

*စာမျက်နှာ ၅ မှ*

ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့၏တပည့်သားသမီးများ အမှန်တကယ်စာတတ်မြောက်စေရေး၊ အနာဂတ်ဘဝလမ်းခရီးကို ပညာရပ်များအသုံးချ၍ ပင်ပန်းကြောင့်ကြမှုကင်းစွာ ဖြတ်သန်းသွားနိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုအားနည်းလာသဖြင့် အချို့သော နယ်စပ်ဂိတ်များကို ပိတ်ထားရကြောင်း၊ အချို့သောဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှုမရှိဘဲ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တရားမဝင်ကုန်သွယ်မှုများဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို သက်ဆိုးရှည်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်အခများရရှိမှုမရှိသည့်အတွက် ထိခိုက်နစ်နာရလျက်ရှိကြောင်း၊ အလားတူ နယ်စပ်ဒေသများ၌ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) ကျူးလွန်နေသူများမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အခြေပြုဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများကိုပါ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အမြစ်ပြတ်ချေမှုန်းရှင်းလင်းသွားမည်ဖြစ်ကြောင်း။

## ❑ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းကွတ်၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာ တိုးတက်ဖြစ်ထွန်းလာစေနိုင်မည်

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ဧရာတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံ၏စီးပွားရေး ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး) များ စိုက်ပျိုးဖြစ်ထွန်းသည်ကို တွေ့ရကြောင်း၊ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းကွတ်၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာ တိုးတက်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုံးရေရရှိစေရေးအတွက်လည်း မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးခဲ့ပြီး ဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်း၏အသီးအပွင့်များကို အမှန်တကယ်အကျိုးခံစားရမည်မှာ ၎င်းဒေသတွင်နေထိုင်သည့် ဒေသခံများပင်ဖြစ်ကြောင်း၊ လူတစ်ဦးစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးအားသည်လည်း ကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်အစိုးရအဖွဲ့၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရာမညအားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်ခန်းမတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက ရာမညအားကစားကွင်း တည်ဆောက်ထားရှိမှုအခြေအနေ၊ ပြည်နယ်ကျောင်းသားအားကစားကွင်း တည်ဆောက်ထားရှိမှုအခြေအနေ၊ လူငယ်စင်တာဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ပြည်နယ်အားကစားဥယျာဉ် တည်ဆောက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်းတွက်ချက်၍ ရေရှည်အကျိုးဖြစ်စေသည့် ဆောင်ရွက်မှုများဖြစ်ရန်လိုကြောင်း၊ အားကစားကွင်းများသည် အဆင့်မီရမည်ဖြစ်ပြီး အားကစားသမားများအနေဖြင့် အဆင့်အတန်းရှိစွာဖြင့် ကစားနိုင်သည့်အနေအထားဖြစ်ရန်လိုသကဲ့သို့ ပွဲကြည့်ပရိသတ်များအနေဖြင့် ပြည်နယ်အဆင့်နှင့်လျော်ညီစွာ ကြည့်ရှုအားပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရာမညအားကစားကွင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် “(၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး”နှင့် ပူးတွဲကျင်းပသည့်ဆွေးနွေးပွဲနှင့် အစည်းအဝေးများတက်ရောက်




ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး စင်ကာပူကြေညာချက်ကို ပါဝင်လက်မှတ်ရေးထိုးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. Sundaresh Menon ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် “(၁၂) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး”သို့ တက်ရောက်သည်။

အာဆီယံ တရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသည် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသော အစည်းအဝေးဖြစ်ပြီး အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

နိုဝင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုတရားသူကြီးချုပ်သည် စင်ကာပူနိုင်ငံ တရားရုံးချုပ်၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ တက်ရောက်ပြီး အခြားအာဆီယံတရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အာဆီယံတရားရေးပေါ်တယ် (ASEAN Judiciaries Portal) လုပ်ငန်းအဖွဲ့၊ တရားမမှုခင်းများဆိုင်ရာ (Civil Proceedings) လုပ်ငန်းအဖွဲ့၊ မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးနည်းပညာဆိုင်ရာ (Case Management and Court Technology)လုပ်ငန်းအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် သင်ကြားရေးဆိုင်ရာ (Judicial Training and Education)လုပ်ငန်းအဖွဲ့၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ်အငြင်းပွားမှုများ ဖြေရှင်းရေး (Cross-Border Disputes Involving Children) လုပ်ငန်းအဖွဲ့၊ ဗီဒီယိုကွန်ဖရင့်ဖြင့် အမှုကြားနာစစ်ဆေးခြင်းဆိုင်ရာ (Conduct of Video Conferencing Hearings) လုပ်ငန်းအဖွဲ့၊ အာဆီယံနှင့် အခြားမိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်းဆိုင်ရာ (ASEAN + Meetings) လုပ်ငန်းအဖွဲ့နှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှု (Climate Justice)လုပ်ငန်းအဖွဲ့တို့က ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရရှိသည့် အောင်မြင်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို အာဆီယံတရားသူကြီးချုပ်များကောင်စီသို့ တင်ပြအတည်ပြုချက်ရယူကြရာ ပြည်ထောင်စုတရားသူကြီးချုပ်က မြန်မာနိုင်ငံတရားစီရင်ရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့သည်။

**ပါဝင်လက်မှတ်ရေးထိုး**

အစည်းအဝေးအပြီးတွင် (၁၂)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးရလဒ်ဖြစ်သည့် စင်ကာပူကြေညာစာတမ်းကို အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အားလုံးက ပါဝင်လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

**တက်ရောက်ဆွေးနွေး**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၂) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက်တွင် စင်ကာပူနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး တရားရုံးနှင့် စင်ကာပူနိုင်ငံ ဥပဒေအကယ်ဒမီတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများဆိုင်ရာ ဆွေးနွေးပွဲ (SICC–SAL Seminar on International Disputes)၊ နိုဝင်ဘာ ၁၄ ရက်တွင် လူမွဲခံယူခြင်းဆိုင်ရာ အာဆီယံတရားသူကြီးများအစည်းအဝေး (ASEAN Insolvency Judges Meeting)၊ အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော် ဥပဒေကျင့်သုံးမှုဆိုင်ရာ ဆွေးနွေးပွဲ (Seminar on Transnational Practice of Law in ASEAN)၊ လူမွဲခံယူခြင်းဆိုင်ရာ အာဆီယံတရားသူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး (ASEAN Insolvency Judges and Practitioners Meeting) နှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အာဆီယံတရားသူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး(ASEAN IP Judges and Practitioners Meeting)တို့သို့ တက်ရောက် ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲနှင့် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ




**မြစ်ကြီးနား နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူမျိုးပေါင်းစုံ ယဉ်ကျေးမှုဖလှယ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် မြန်မာ-တရုတ်-အိန္ဒိယ ကုန်စည်စီးဆင်းဖလှယ်ရေးအသင်းဥက္ကဋ္ဌတို့က လူမျိုးပေါင်းစုံယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ဖျော်ဖြေကပြတင်ဆက်

ထို့နောက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူလေးများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများဖြစ်ကြသည့် ဂျိမ်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်းဝါး၊ လီဆူ၊ ရဝမ် မျိုးနွယ်စု ခြောက်မျိုး၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာတိုင်းရင်းသားမျိုးနွယ်စုတို့နှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိကြသည့် ကရင်၊ ရခိုင်၊ ချင်း တိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များ၊ တရုတ်၊ ဂေါ်ရခါး၊ ဆစ်ယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်းအကအဖွဲ့ ၂၂ ဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအလိုက် ဓလေ့ထုံးစံများကို ထုတ်ဖော်ပြသသည့် တေးသီချင်း၊ သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေကပြတင်ဆက်ကြသည်။

### ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အကအဖွဲ့ ၂၂ ဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၂၀ ကို အကအဖွဲ့များထံ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည့် ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဖလား တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲစဉ်အဖြစ် လာချိဒ်တိုင်းရင်းသား မျိုးနွယ်စု ဘောလုံးအသင်းနှင့် ဇိုင်းဝါး တိုင်းရင်းသားမျိုးနွယ်စု ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ဇိုင်းဝါးမျိုးနွယ်စုအသင်းက သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက အသင်းလိုက် တတိယဆုရသည့် လော်ဝေါ်မျိုးနွယ်စုအသင်းအား တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အသင်းလိုက် ဒုတိယဆုရ လာချိဒ်မျိုးနွယ်စုအသင်းအား တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

### တံခွန်စိုက်ဆုဖလားပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရ ဇိုင်းဝါးမျိုးနွယ်စုအသင်းအား တစ်ဦးချင်း လည်ဆွဲ ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်း

**မြစ်ကြီးနား နိုဝင်ဘာ ၁၆**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ ကချင်ပြည်နယ်အတွင်းရှိ ပြည်နယ်/ ခရိုင်/ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်များရှိ လျှပ်စစ်ဝန်ထမ်းများ၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဓာတ်အား လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားများကိုလည်း ပြည်သူများထံသို့ ပိုမိုတိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပို့လွှတ်ရေး ဓာတ်အားလိုင်းများနှင့် ဖြန့်ဖြူးရေး ဓာတ်အားလိုင်းများ တိုးတက်ကောင်းမွန်အောင်၊ ဟန်ချက်ညီညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားပြည့်ပြည့်ဝဝ ဖြန့်ဖြူးပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာ အလေ့အလွင့်မရှိစေရေး မြို့နယ်များအလိုက် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေး အလေးထား ဆောင်ရွက်သွားရန်နှင့် ဓာတ်အားခကြွေးကျန်များ အပြည့်အဝကောက်ခံရရှိနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တရားမဝင် ဓာတ်အားသုံးစွဲမှုများ မရှိစေရေးအတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်နှင့် အဆင့်ဆင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး၊ ဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများမှ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဓာတ်အားခ ကောက်ခံရရှိမှုနှင့် ကြွေးကျန်ကျဆင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် နယ်မြေအခြေအနေအရ ယာယီတိမ်းရှောင် ရောက်ရှိလာသော ဝန်ထမ်းများအား နေရာချထားပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်တွေ့ဆုံကာ ယာယီတိမ်းရှောင်လာသည့် ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥများနှင့် ထောက်ပံ့ငွေများ၊ ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# တောင်ငူမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေး

**တောင်ငူ နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို အဖွဲ့ ၁၀ ဖွဲ့ခွဲ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များ၊ လူစည်ကားရာနေရာများနှင့် ကျေးရွာများ၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဖွဲ့စည်းထားရှိသည့် အဖွဲ့ ၁၀ ဖွဲ့တွင် ပါဝင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များက ကွန်ပျူတာတက္ကသိုလ်၊ တောင်ငူမြို့အမှတ်(၂)ရပ်ကွက် နန်းကလျာလမ်း၊ အမှတ်(၁၁)ရပ်ကွက် နန်းတော်ဦးဈေး၊ အမှတ်(၂၀)ရပ်ကွက် ဓာတုကလျာဈေး၊ ဆူးတပ်ကျေးရွာအုပ်စု ကတုတ်ကျောင်း၊ နေပူကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဆိတ်ဖူးတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ကျွန်းကုန်းကျေးရွာအုပ်စု ကျွန်းကုန်းဈေးရှေ့၊ ဇီးဒိုင်းကျေးရွာအုပ်စု ဇောတိကျေးရွာတို့၌ ပြည်သူများအား အီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်းကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများက



အီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့မဲပေးခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

# ပြောတိုင်းယုံတဲ့ ပုတ်သင်ညိုတွေလား

သတင်းထောက် သာထူး

> “ကမ္ဘာပေါ်မှာ သတင်းမီဒီယာလုပ်ငန်း စတင်ပေါ်ပေါက်လာတဲ့ မူလဇာတိဟာ ဥရောပဖြစ်ပါတယ်။ ဒါကြောင့် သတင်းမီဒီယာနဲ့ ပတ်သက်လာရင် အနောက်နိုင်ငံတွေဟာ ဆရာကျတယ်လို့ ဆိုရမှာဖြစ်ပြီး ကမ္ဘာ့သတင်းလောကတစ်ခုလုံးကိုလည်း လွှမ်းမိုးထားနိုင်ခဲ့တာပါ။ အဲဒီထဲမှာမှ ဗြိတိသျှသတင်းလောကဟာ သက်တမ်းအရင့်ဆုံးထဲမှာပါဝင်ပြီး စည်းစနစ်ကျနမှု အရှိဆုံးလို့လည်း ဆိုကြပါတယ်။ ဗြိတိသျှအသံလွှင့်ကုမ္ပဏီအဖြစ် ၁၉၂၂ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ BBC ဟာလည်း သက်တမ်းအားဖြင့် ၁၀၃ နှစ် ရှည်ကြာခဲ့ပြီ ဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက်တွေ၊ ကျင့်ဝတ်တွေ၊ စံနှုန်းတွေနဲ့ ထိန်းချုပ်ကာရန်ထားတဲ့ သတင်းဌာနတစ်ခုအနေနဲ့ တစ်ဖက်မှာ ယုံကြည်မှုကို ရယူထားပြီး အခြားတစ်ဖက်မှာတော့ သတင်းဖြစ်ရပ်တွေကို လိုသလိုပုံဖော်ပြီး ကမ္ဘာကြီးကို နောက်ကွယ်ကနေ ကြိုးကိုင်နေတာမျိုး အနောက်နိုင်ငံတွေရဲ့ မီဒီယာတွေက ဖန်တီးနေကြတာပါ”

BBC လို့ ကမ္ဘာတစ်ခွင်ကျော်ကြားတဲ့ သတင်းဌာနကြီး မဟာအရှက်တော်ကွဲရတဲ့ဖြစ်ရပ် ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကဖြစ်ခဲ့ပြီး အခုချိန်ထိ ဂယက်ရိုက်နေဆဲပါ။ **“ဘက်လိုက်မှုမရှိဘဲ ကွဲပြားခြားနားတဲ့ အတွေးအမြင်အစုံစုံ၊ အဓိကကျတဲ့ ရှုထောင့်တွေကနေ လေ့လာဆန်းစစ်ချက်တွေနဲ့ ဝေဝေဆာဆာ တင်ဆက်ပေးနေတာပါ။”**လို့ အမြဲတမ်းဆိုလေ့ရှိတဲ့ BBC သတင်းဌာနရဲ့ ဘက်လိုက်မှုနဲ့ သတင်းကို ရည်ရွယ်ချက်ရှိရှိ လိုသလို ဖြတ်ညှပ်ကပ်ပုံဖျက်ထုတ်လွှင့်ဖော်ပြမှုတွေနဲ့ ပတ်သက်ပြီး သတင်းပေါက်ကြားခဲ့ရာကနေ ပြစ်တင်ရှုတ်ချမှုတွေ၊ ဝေဖန်တိုက်ခိုက်မှုတွေကို တနင့်တပိုးကြီး ခံစားခဲ့ရပြီးနောက် BBC ညွှန်ကြားရေးမှူးချုပ် တင်မ်ဒေဗီနဲ့ သတင်းဌာန အမှုဆောင်အရာရှိချုပ် ဒီဘိုရာတန်းနက်စ်တို့ နုတ်ထွက်သွားခဲ့ကြရတာ ဖြစ်ပါတယ်။

ဖြစ်စဉ်ကတော့ BBC ရဲ့ အယ်ဒီတာလမ်းညွှန်ချက်များနဲ့ စံချိန်စံညွှန်းများဆိုင်ရာ ကော်မတီ အကြံပေးပုဂ္ဂိုလ်ဟောင်းဖြစ်သူ မိုက်ကယ်လ်ပရက်စ်စကော့ရဲ့ စာမျက်နှာ ၁၉ မျက်နှာပါ ဌာနတွင်းအမှုတွဲတစ်ခု ပေါက်ကြားလာခဲ့တာကို ဗြိတိန်ရဲ့ ဩဇာကြီးတဲ့သတင်းစာ The Telegraph က နိုဝင်ဘာလ ၄ ရက်နေ့မှာ ဖော်ပြလိုက်ရာကနေ စတင်ခဲ့ပါတယ်။ မိုက်ကယ်လ်ပရက်စ်စကော့ဟာ အကြံပေးပုဂ္ဂိုလ်အဖြစ် BBC မှာ သုံးနှစ်လောက် လုပ်ကိုင်ခဲ့ပြီး ပြီးခဲ့တဲ့ဇွန်လထဲမှာ နုတ်ထွက်သွားခဲ့ပြီ ဖြစ်တာကြောင့် သူရေးပြီးတော့ BBC ဘုတ်အဖွဲ့ကိုပေးပို့ခဲ့တဲ့စာတွဲဟာ ဇွန်လမတိုင်မီက ရေးခဲ့တာလို့ဆိုရမှာဖြစ်ပြီး ဒီကိစ္စနဲ့ပတ်သက်လို့ BBC အကြီးအကဲတွေက အရေးယူလုပ်ဆောင်မှုမရှိခဲ့တဲ့အပေါ် အလွန်ထိတ်လန့်တုန်လှုပ်ခဲ့ရတယ်လို့ ပရက်စ်စကော့က ဆိုပါတယ်။

### မယုံကြည်ရတဲ့ သတင်းရင်းမြစ်

သိကြတဲ့အတိုင်းပဲ BBC ဟာ စီးပွားရှာနေရတဲ့ မီဒီယာမျိုးမဟုတ်ဘဲ နိုင်ငံတော်ဘတ်ဂျက်တစ်နည်းအားဖြင့် အများပြည်သူရန်ပုံငွေနဲ့ လည်ပတ်ရတဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာမျိုး (Public Service Media) ဖြစ်ပါတယ်။ အကျိုးအမြတ်ရှာဖွေနေဖို့ မလိုတဲ့ BBC ဟာ UK ရဲ့ မီဒီယာဈေးကွက်ဝေစု အများစုကိုလည်း ရရှိထားပါတယ်။ အများပြည်သူရန်ပုံငွေနဲ့ လည်ပတ်နေတဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာတစ်ခုဟာ ပြည်သူလူထုကို ယုံကြည်စိတ်ချရတဲ့ သတင်းမှန်တွေမပေးဘဲ ဘက်လိုက်မှုတွေနဲ့ နှစ်ရှည်လများစွာကတည်းက မယုံကြည်ရတဲ့ သတင်းရင်းမြစ်တစ်ခုဖြစ်ခဲ့တာဟာ ဆိုးရွားတဲ့ ကျူးလွန်မှုတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ ပိုဆိုးတာက BBC ရဲ့ ထုတ်လွှင့်ဖော်ပြမှုတွေမှာ တိကျမှန်ကန်မှုနဲ့ ဘက်မလိုက်မှု စံနှုန်းတွေကို ထိန်းသိမ်းဖို့ ပျက်ကွက်နေတာဟာ အယ်ဒီတာ ဒါမှမဟုတ် ဝန်ထမ်းတချို့တလေရဲ့ အားနည်းချက်မျိုးမဟုတ်ဘဲ ကူးစက်ရောဂါတစ်ခုအားလုံးမှာ ကူးစက်နေပုံမျိုးပါ။ ဒီပြဿနာကို BBC ရဲ့ အတွင်းပိုင်းမှာ သိထားကြပြီးဖြစ်တယ်လို့ ပရက်စ်စကော့ရဲ့ တင်ပြချက်ထဲမှာ ဆိုထားပါတယ်။ ဒါပေမယ့်လည်း BBC ဟာ ဒီပြဿနာနဲ့ ပတ်သက်လို့ အယ်ဒီတာဘုတ်အဖွဲ့ရှေ့ကို အစီရင်ခံစာတွေ တစ်ပုံတစ်ပင်ကြီးရောက်နေတဲ့တိုင်အောင် ပြေလည်အောင်ဖြေရှင်းဖို့၊ ဒါမှမဟုတ် အလေးအနက်ထားပြီး ဝန်ခံတောင်းပန်ဖို့ စတဲ့ထင်ထင်ရှားရှား တုံ့ပြန်မှုမျိုးမလုပ်ဘဲ “မိုးကြိုးပစ်၊ ထန်းလက်နဲ့ကာ” ဆိုတာလို ကာလို့မရနိုင်တာကို ကာဖို့ကြိုးစားရင်းနဲ့ပဲ အချိန်ကုန်နေတယ်လို့ ဗြိတိန်သတင်းစာတစ်စောင်က ဆိုပါတယ်။

မိုက်ကယ်လ်ပရက်စ်စကော့ရဲ့ တင်ပြချက်စာတွဲမှာပါတဲ့ BBC ရဲ့ ဘက်လိုက်မှု အထောက်အထားသစ်ဆိုတာကတော့ အာရဗီဘာသာနဲ့ ထုတ်လွှင့်တဲ့ BBC (အာရဗီ) သတင်းဌာနက ဂါဇာအရေးအခင်းနဲ့ပတ်သက်လို့ အစ္စရေးတို့ ခံစားရတဲ့ ဒုက္ခကို သေးသိမ်မှိန်ပျောက်စေဖို့နဲ့ အစ္စရေးကို ရန်လိုသူအဖြစ် ပုံဖော်ဖို့ ဖန်တီးလုပ်ဆောင်မှုများ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ BBC ဟာ အစ္စရေးနဲ့ ပတ်သက်လာရင် အမြဲတမ်းအဆိုးတကော့ထိပ်ခေါင်ဖြစ်အောင် သန္နိဋ္ဌာန်ချထားတဲ့ပုံမျိုးဖြစ်နေပြီး အစ္စရေးအပေါ် စွပ်စွဲချက်တွေနဲ့ ပတ်သက်လာရင် လုံလောက်တဲ့စစ်ဆေးမှုမျိုးတောင် မလုပ်တော့ဘဲ တစ်ခါတည်း ထုတ်လွှင့်ခဲ့တယ်လို့လည်း ဆိုထားပါတယ်။

ဒါ့အပြင် BBC (အာရဗီ)ဟာ ဟားမားစ်ရဲ့ မီဒီယာပလက်ဖောင်းတစ်ခုလိုဖြစ်နေပြီး ဟားမားစ်ရဲ့ ထုတ်ပြန်ချက်တွေကို သိသိသာသာ အသားပေးထားတာကြောင့် တစ်ဖက်စောင်းနင်းဖြစ်နေတဲ့အတွက် ပင်မ BBC ဝက်ဘ်ဆိုက်နဲ့ လုံးဝကွာခြားနေခဲ့ပါတယ်။ ဂါဇာမှာသေဆုံးသူ အရေအတွက်နဲ့ ပတ်သက်လို့လည်း ဟားမားစ်ရဲ့ စွပ်စွဲချက်တွေအတိုင်း BBC က တစ်ဖက်သတ် မမျှမတ ဖော်ပြပေးခဲ့ပါတယ်။ ဒါပေမယ့် ဒီစွပ်စွဲချက်တွေဟာ ဝါဒဖြန့်ချိရေးအတွက် ချဲ့ကားပြောဆိုထားတာတွေသာဖြစ်ပြီး အဲဒီမမှန်ကန်တဲ့ စွပ်စွဲချက်တွေပေါ်မှာ အခြေခံပြီးတော့ပဲ နိုင်ငံတကာတရားရုံး (ICJ)ကလည်း လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပွားနေတယ်လို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

BBC ရုပ်မြင်သံကြားဌာနရဲ့ ညွှန်ကြားရေးမှူးဟောင်းတစ်ဦးဖြစ်သူ ဒန်နီကိုဟင်ကတော့ BBC ဟာ ယုံကြည်စိတ်ချရတဲ့ သတင်းဌာနတစ်ခု မဟုတ်တော့ဘူးဆိုတာ ထင်ရှားနေပြီဖြစ်ပြီး တာဝန်ရှိသူတွေအနေနဲ့ ခေါင်းငိုက်စိုက်ချရှက်ရွံ့စွာနဲ့ နုတ်ထွက်သင့်ကြပြီလို့ဆိုခဲ့ပါတယ်။ အခုတော့ ဒီဆောင်းပါးအစမှာ ဖော်ပြခဲ့တဲ့အတိုင်း BBC ရဲ့ ဒီဂျီနဲ့ စီအီးအိုတို့ နုတ်ထွက်သွားကြပါပြီ။

### ဖြတ်ညှပ်ကပ်ပုံဖျက်ထုတ်လွှင့်မှု

ဒါပေမယ့် ဒီဇာတ်လမ်းမှာ နောက်တစ်မှုကျန်နေပါသေးတယ်။ အဲဒါကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ သတင်းကို BBC က လိုသလိုဖြတ်ညှပ်ကပ် ပုံဖျက်ထုတ်လွှင့်ခဲ့တဲ့အမှုပါ။ ၂၀၂၀ ပြည့်နှစ် အမေရိကန်ရွေးကောက်ပွဲမှာ ထရမ့်ပြောခဲ့တဲ့မိန့်ခွန်းကို ဖြတ်တောက်ပြီး ဆူပူအောင်လှုံ့ဆော်ပြောကြားတဲ့အသွင်ဖြစ်အောင် လုပ်ကြံထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ဘီဘီစီရဲ့ Panorama (မြင်ကွင်းကျယ်)ဆိုတဲ့ မှတ်တမ်းရုပ်သံအစီအစဉ်မှာ ထုတ်လွှင့်ခဲ့တာဖြစ်ပြီး အဲဒီကိစ္စနဲ့ပတ်သက်လို့ သမ္မတထရမ့်ရဲ့ ဥပဒေရေးရာအဖွဲ့က ဘီဘီစီကို စာတစ်စောင်ပေးပို့ပြီး “ပြည့်စုံ၍ တရားမျှတသည့် ရုပ်သိမ်းကြောင်း ကြေညာချက်”ကို နိုဝင်ဘာလ ၁၄ ရက် သောကြာနေ့ ည ၁၀ နာရီ GMT (ညနေ ၅ နာရီ EST) နောက်ဆုံးထားပြီး ထုတ်ပြန်ပေးဖို့ တောင်းထားလိုက်ပါတယ်။ တရားမျှတတဲ့ ဒီအခွင့်အရေးကို အကောင်အထည်ဖော်ဖို့အတွက် ဘီဘီစီက ပျက်ကွက်ခဲ့ရင် ဒေါ်လာ ၁ ဘီလီယံ (ပေါင် သန်း ၇၆၀) လျော်ကြေးပေးဖို့ တရားစွဲခံရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဘီဘီစီနဲ့ သူ့ရဲ့ သတင်းသမားတွေမှာ ဘက်လိုက်မှု၊ အကျင့်ပျက်ခြစားမှုတွေ ရှိနေတယ်ဆိုတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ မှတ်ချက်စကားအပေါ် ယူကေအစိုးရအဖွဲ့ထဲကလူတွေက ငြင်းဆိုနေကြရတာဟာ မလုံ့တလုံနဲ့ ကာနေကြရပုံပါပဲ။

**ကမ္ဘာပေါ်မှာ သတင်းမီဒီယာလုပ်ငန်း စတင်ပေါ်ပေါက်လာတဲ့ မူလဇာတိဟာ ဥရောပဖြစ်ပါတယ်။ ဒါကြောင့် သတင်းမီဒီယာနဲ့ ပတ်သက်လာရင် အနောက်နိုင်ငံတွေဟာ ဆရာကျတယ်လို့ ဆိုရမှာဖြစ်ပြီး ကမ္ဘာ့သတင်းလောကတစ်ခုလုံးကိုလည်း လွှမ်းမိုးထားနိုင်ခဲ့တာပါ။ အဲဒီထဲမှာမှ ဗြိတိသျှသတင်းလောကဟာ သက်တမ်းအရင့်ဆုံးထဲမှာပါဝင်ပြီး စည်းစနစ်ကျနမှု အရှိဆုံးလို့လည်း ဆိုကြပါတယ်။ ဗြိတိသျှအသံလွှင့်ကုမ္ပဏီအဖြစ် ၁၉၂၂ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ BBC ဟာလည်း သက်တမ်းအားဖြင့် ၁၀၃ နှစ် ရှည်ကြာခဲ့ပြီ ဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက်တွေ၊ ကျင့်ဝတ်တွေ၊ စံနှုန်းတွေနဲ့ ထိန်းချုပ်ကာရန်ထားတဲ့ သတင်းဌာနတစ်ခုအနေနဲ့ တစ်ဖက်မှာ ယုံကြည်မှုကို ရယူထားပြီး အခြားတစ်ဖက်မှာတော့ သတင်းဖြစ်ရပ်တွေကို လိုသလိုပုံဖော်ပြီး ကမ္ဘာကြီးကိုနောက်ကွယ်ကနေ ကြိုးကိုင်နေတာမျိုး အနောက်နိုင်ငံတွေရဲ့ မီဒီယာတွေက ဖန်တီးနေကြတာပါ။**

ကမ္ဘာပေါ်မှာ အင်မတန်လူသိနည်းတဲ့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ BBC အပါအဝင် အနောက်မီဒီယာတွေရဲ့ မမှန်မကန်ရေးသား ဖော်ပြထုတ်လွှင့်တဲ့ ဒဏ်ကို နှစ်ပေါင်းများစွာခံခဲ့ရပြီး ဆိုးရွားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်တာကို ခံခဲ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကို လိုရင်လိုသလို၊ မလိုရင်မလိုသလို ထုတ်လွှင့်ဖော်ပြတဲ့နေရာမှာတော့ အယ်ဒီတာ့ဂိုက်လိုင်းတွေ၊ ကျင့်ဝတ်တွေ၊ စံနှုန်းတွေ ဘယ်နားသွားချိတ်ထားသလဲလို့ မေးရမယ့်အဖြစ်မျိုးဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ဖြစ်ပျက်နေတဲ့ သတင်းနဲ့ပတ်သက်ပြီး မိမိတို့အနေနဲ့ ဘယ်လိုပဲရေးလိုက် ရေးလိုက် BBC ရဲ့ သတင်းခန်းကိုရောက်သွားတာနဲ့ အယ်ဒီတာတွေက လိုသလို ပုံဖော်တည်းဖြတ်လိုက်ကြတယ်လို့ ဌာနေသတင်းထောက်တစ်ယောက်က ပြောပြတာကြားခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်လာရင် နိုင်ငံပြင်ပမှာ ပျံ့နှံ့နေတဲ့သတင်းတွေဟာ နိုင်ငံကို

*စာမျက်နှာ ၉ သို့*

> **“လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၇ နှစ်၊ ၁၉၈၈ ခုနှစ် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲကို ဖြစ်စေခဲ့တဲ့ ရှစ်လေးလုံး အရေးအခင်းကာလမှာ BBC ရဲ့ ပါဝင်ပတ်သက်မှုဟာ နက်ရှိုင်းခဲ့ပါတယ်။ အဲဒီတုန်းက BBC သတင်းထောက် ခရစ္စတိုဖာဂန်းနက်ဆိုသူဟာ အရေးအခင်းမဖြစ်မီ ရက်သတ္တ နှစ်ပတ်လောက်အလိုမှာ မြန်မာနိုင်ငံကို ရောက်လာခဲ့ပြီး ပြည်တွင်းကရှေ့နေတစ်ယောက်ကို သတင်းပေးအဖြစ် ချိတ်ဆက်ထားခဲ့ပါတယ်။ သူဟာပြည်တွင်းက ပေးပို့တဲ့သတင်းတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ကနေ အခြေစိုက်ရယူပြီး BBC ကနေ ထုတ်လွှင့်နေခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းကနေပေးပို့နေတဲ့ သတင်းသမားက ဗဟိုတရားရုံးရှေ့နေ ဦးနေမင်း(သရက်) ဆိုသူဖြစ်ပြီး သူပေးပို့တဲ့ သတင်းဆိုတာတွေဟာ တကယ်ဖြစ်ပျက်ခဲ့တဲ့သတင်း အစစ်အမှန်တွေမဟုတ်ဘဲ သူ့ရဲ့ အတ္တနောမတိတွေ၊ သူ့ရဲ့ စိတ်ခံစားချက်တွေ၊ သူဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာအောင် လှုံ့ဆော်မှုတွေဖြစ်တယ်လို့ နောင်အခါမှာ စာအုပ်တစ်အုပ်ရေးသားထုတ်ဝေပြီး ဖွင့်ချခဲ့ဖူးပါတယ်”**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၄၁
ရက်
သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

*စာမျက်နှာ ၈ မှ*

ဆန့်ကျင်ပုန်ကန်နေကြတဲ့ လူတွေ၊ အဖွဲ့အစည်းတွေရဲ့ အခြေအမြစ်မရှိ၊ မှန်ကန်ခိုင်မာကြောင်း သက်သေမပြနိုင်တဲ့ အချက်အလက်တွေကို အခြေခံပြီး လိုသလိုဆွဲ ရေးသားဖော်ပြထုတ်လွှင့်နေကြတာ ဖြစ်ပြီး United Nations (UN) အဖွဲ့အစည်းမျိုးကလည်း အဲဒီသတင်းတွေကိုပဲ အသုံးပြုနေတာဖြစ်လို့ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် တစ်ဖက်စောင်းနင်း လွဲမှားနေတာတွေဟာ အခု အစ္စရေးခံနေရသလိုပါပဲ။

### တကယ်မဖြစ်၊ သတင်းအမှန်မဟုတ်

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၇ နှစ်၊ ၁၉၈၈ ခုနှစ် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲကို ဖြစ်စေခဲ့တဲ့ ရှစ်လေးလုံးအရေးအခင်းကာလမှာ BBC ရဲ့ ပါဝင်ပတ်သက်မှုဟာ နက်ရှိုင်းခဲ့ပါတယ်။ အဲဒီတုန်းက BBC သတင်းထောက် ခရစ္စတိုဖာဂန်းနက်ဆိုသူဟာ အရေးအခင်းမဖြစ်မီ ရက်သတ္တနှစ်ပတ်လောက်အလိုမှာ မြန်မာနိုင်ငံကိုရောက်လာခဲ့ပြီး ပြည်တွင်းက ရှေ့နေတစ်ယောက်ကို သတင်းပေးအဖြစ် ချိတ်ဆက်ထားခဲ့ပါတယ်။ သူဟာ ပြည်တွင်းက ပေးပို့တဲ့သတင်းတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ကနေ အခြေစိုက်ရယူပြီး BBC ကနေ ထုတ်လွှင့်နေခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းကနေပေးပို့နေတဲ့ သတင်းသမားက ဗဟိုတရားရုံးရှေ့နေ ဦးနေမင်း (သရက်) ဆိုသူဖြစ်ပြီး သူပေးပို့တဲ့ သတင်းဆိုတာတွေဟာ တကယ်ဖြစ်ပျက်ခဲ့တဲ့ သတင်းအစစ်အမှန်တွေမဟုတ်ဘဲ သူ့ရဲ့ အတ္တနောမတိတွေ၊ သူ့ရဲ့ စိတ်ခံစားချက်တွေ၊ သူဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာအောင် လှုံ့ဆော်မှုတွေဖြစ်တယ်လို့ နောင်အခါမှာ စာအုပ်တစ်အုပ်ရေးသားထုတ်ဝေပြီး ဖွင့်ချခဲ့ဖူးပါတယ်။

အဲဒီစာအုပ်ထဲမှာ သူက ၁၉၈၈ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံမှ သတင်းများကို နိုင်ငံခြားသို့ ပေးပို့ခဲ့ရာမှာ မိမိမြင်တွေ့ကြားသိခဲ့ရတဲ့ သတင်းအချက်အလက်တွေကို ဘက်မလိုက်ဘဲ မှန်မှန်ကန်ကန်မျှမျှတတ၊ အရှိကိုအရှိအတိုင်း ရိုးရိုးသားသားတင်ပြခဲ့သူမဟုတ်တဲ့အကြောင်း၊ မိမိဖြစ်စေချင်တဲ့ ကြိုတင်နိမိတ်ပြပုံရိပ်တွေကို သတင်းအဖြစ်ဖော်ထုတ်ပြီး လူ့အဖွဲ့အစည်းတစ်ခုကို ယင်းနိမိတ်ပုံရိပ်များအတိုင်း လုပ်ဆောင်လာအောင် လှုံ့ဆော်မှုပြုရာရောက်သည့်၊ အာပတ်သင့်သည့် သတင်းများကိုလည်း ပေးပို့ခဲ့သူဖြစ်ကြောင်း၊ မြန်မာ့သမိုင်းတွင် ထင်ရှားသော ကိန်းတဘောင်

> **“သတင်းဆိုတာ မီဒီယာကနေတစ်ဆင့် လူထုဆီပျံ့နှံ့သွားပြီးတာနဲ့ ပြီးဆုံးသွားတာ မဟုတ်ဘဲ ဂယက်ရိုက်ခတ်တာ၊ အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်တာ စသည်ဖြင့် ဖြစ်ပေါ်တတ်တဲ့ တန်ခိုးသြဇာရှိပါတယ်။ ဒါ့အပြင် လူတွေရဲ့ စိတ်ဝင်စားမှု သဘာဝကလည်း ကောင်းတာထက်ဆိုးတာ၊ ဖြစ်တာထက်ပျက်တာ၊ ပုံမှန်ထက် ပုံမှန်မဟုတ်တာကိုသာ စိတ်ဝင်စားတတ်ကြတာကို ဟိုးရှေးပဝေသဏီ ၁၇ ရာစု လောက်ကတည်းက သတင်းလုပ်ငန်းနဲ့ စီးပွားရှာတတ်ခဲ့ကြတဲ့ အနောက်နိုင်ငံတွေက မီဒီယာတွေက ကောင်းကောင်းကြီး သိထားကြပါတယ်။ ဒါကြောင့် နိုင်ငံတကာ အရေးအခင်းတွေ၊ တချို့ပြည်တွင်းရေးကိစ္စတွေမှာ အဲဒီမီဒီယာတွေက ဝင်ရောက်မွှေနှောက်၊ မီးလောင်ရာလေပင့် လုပ်လေ့ရှိကြပြီး တချို့အခြေအနေ ဆိုးဆိုးရွားရွား ဖြစ်ကုန်တာဟာ သူတို့ရဲ့ စနက် မကင်းပါဘူး”**

ဖြစ်သည့် ရှစ်လေးလုံးဆိုရာ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ကျောင်းသားလူငယ်များ ဦးဆောင်၍ တစ်ပြည်လုံးအတိုင်းအတာဖြင့် လူထုတစ်ရပ်လုံးက ဒီမိုကရေစီတောင်းဆိုပွဲကြီး ကျင်းပမည်ဟူသော သတင်းကို ဒါကာရှိ ခရစ္စတိုဖာဂန်းနက်ထံ ၁၉၈၈ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် ပေးပို့ခဲ့ကြောင်း၊ ထိုသတင်းကို မည်သည့်ကျောင်းသားပုဂ္ဂိုလ် အဖွဲ့အစည်းနှင့်မျှ နီးနှောတိုင်ပင် အတည်ပြုချက်ရယူရေးသားခြင်းမဟုတ်ဘဲ စိတ်ခံစားချက်အရ သုံးသပ်၍ ခန့်မှန်းရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအပိုင်တွက်ဆပြီး ရှစ်လေးလုံးနေ့တွင် လူထုဆန္ဒပြပွဲကြီးဖြစ်မည်ဟု BBC မှတစ်ဆင့် ကြေညာပြီးမှ မဖြစ်ခဲ့လျှင်ဆိုသောအတွေးသည် စာရေးသူအား ခြောက်လှန့်နေခဲ့ကြောင်းစတာတွေကို သူ့ရဲ့စာအုပ်ထဲမှာ ဖွင့်ဟဝန်ခံထားခဲ့ပါတယ်။

### သတင်းအတုနဲ့လုပ်တဲ့ မတည်မငြိမ်မှု

အဲဒီကာလကို ကောင်းစွာ သိမီခဲ့သူတွေအနေနဲ့ မှတ်မိကြဦးမှာပါ။ BBC ရဲ့ ပြည်တွင်း သတင်းထောက်ဆိုသူက တကယ်မဟုတ်ဘဲ စိတ်ကူးနဲ့ ရေးပို့လိုက်တာတွေကို အချက်အလက်တွေ စိစစ်တာ၊ ဆန်းစစ်တာ၊ အတည်ပြုတာတွေ လုံးဝမလုပ်ဘဲ BBC ပြည်ပသတင်းထောက်က အိမ်နီးချင်းတိုင်းပြည်တစ်ခုကနေ လက်ခံ၊ လန်ဒန်မှာရှိတဲ့ BBC ဌာနချုပ်ကို လှမ်းပို့၊ ရှစ်လေးလုံးနေ့မှာ လူထုဆန္ဒပြပွဲကြီးလုပ်မယ့်အကြောင်း အကြိမ်ပေါင်းများစွာထုတ်လွှင့် စသဖြင့်လက်တစ်ဆုပ်စာ မပြည့်တဲ့လူတစ်စုနဲ့ အသံလွှင့်ဌာနတစ်ခုရဲ့ မြှောက်ထိုးပင့်ကော် လှုံ့ဆော်မှုတွေကြောင့် ရှစ်လေးလုံးနေ့မှာ အရေးအခင်းကြီး တကယ်ဖြစ်လာခဲ့တာဟာ အဲဒီတုန်းက သိမီသူတွေ ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။ အဲဒီစာအုပ်မှာ ဖော်ပြထားတဲ့ အချက်အလက်တွေအရဆိုရင် ၈၈ အရေးအခင်းနဲ့ပတ်သက်လို့ BBC ရဲ့ ထုတ်လွှင့်မှုတွေမှာ အယ်ဒီတာဂိုက်လိုင်းတွေ၊ ကျင့်ဝတ်တွေ၊ စံနှုန်းတွေကို အရိပ်အယောင်တစ်စွန်းတစ်စတောင်မတွေ့ရဘဲ မြန်မာနိုင်ငံ မတည်မငြိမ်ဖြစ်အောင် သတင်းအတုတွေနဲ့ ဖန်တီးခဲ့တယ်ဆိုတာကိုသာ တွေ့ရမှာဖြစ်ပါတယ်။

သတင်းဆိုတာ မီဒီယာကနေတစ်ဆင့် လူထုဆီပျံ့နှံ့သွားပြီးတာနဲ့ ပြီးဆုံးသွားတာမဟုတ်ဘဲ ဂယက်ရိုက်ခတ်တာ၊ အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်တာ စသည်ဖြင့် ဖြစ်ပေါ်တတ်တဲ့ တန်ခိုးသြဇာရှိပါတယ်။ ဒါ့အပြင် လူတွေရဲ့ စိတ်ဝင်စားမှုသဘာဝကလည်း ကောင်းတာထက် ဆိုးတာ၊ ဖြစ်တာထက်ပျက်တာ၊ ပုံမှန်ထက် ပုံမှန်မဟုတ်တာကိုသာ စိတ်ဝင်စားတတ်ကြတာကို ဟိုးရှေးပဝေသဏီ ၁၇ ရာစုလောက်ကတည်းက သတင်းလုပ်ငန်းနဲ့ စီးပွားရှာတတ်ခဲ့ကြတဲ့ အနောက်နိုင်ငံတွေက မီဒီယာတွေက ကောင်းကောင်းကြီး သိထားကြပါတယ်။ ဒါကြောင့် နိုင်ငံတကာအရေးအခင်းတွေ၊ တချို့ပြည်တွင်းရေးကိစ္စတွေမှာ အဲဒီမီဒီယာတွေက ဝင်ရောက်မွှေနှောက်၊ မီးလောင်ရာလေပင့် လုပ်လေ့ရှိကြပြီး တချို့အခြေအနေ ဆိုးဆိုးရွားရွား ဖြစ်ကုန်တာဟာ သူတို့ရဲ့စနက် မကင်းပါဘူး။

လတ်တလော ကမ္ဘာ့ဖြစ်ရပ်တွေမှာကြည့်ရင် ရုရှား-ယူကရိန်း၊ အစ္စရေး-ဟားမားစ်စတဲ့ အရေးအခင်း ဖြစ်ရပ်တွေမှာ သူတို့ပုံဖော်ပြသထားတဲ့အတိုင်းပဲ ကမ္ဘာ့ပြည်သူတွေက မြင်နေ၊ ကြားနေ၊ ယုံနေကြရတာဖြစ်ပါတယ်။ အခုပေါ်ထွက်လာခဲ့တဲ့ BBC ရဲ့သတင်းလုပ်ကြံမှုတွေမှာ ဆိုရင်လည်း အမေရိကန်ပြည်သူအများစုရဲ့ ဆန္ဒမဲနဲ့ တက်လာခဲ့တဲ့ သမ္မတဒေါ်နယ်ထရမ့်ကို လူဆိုး၊ လူသွမ်း၊ တို့မီးရှို့မီးလုပ်သူကြီးအဖြစ် သတင်းပရိသတ်တွေ မြင်အောင် လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် BBC (အာရဗီ) ရဲ့ တစ်ဖက်စောင်းနင်း အသားပေးထုတ်လွှင့်ဖော်ပြမှုတွေက နိုင်ငံအများအပြားမှာ အစ္စရေးနိုင်ငံတော်အလံတွေကို မြေပေါ်ချ တက်နင်းတာ၊ UN အထွေထွေညီလာခံမှာ အစ္စရေးဝန်ကြီးချုပ် မိန့်ခွန်းပြောမယ့်အလှည့်မှာ ကိုယ်စားလှယ် အများအပြားက ဘွိုင်းကောက်လုပ်ပြီး ထွက်သွားခဲ့ကြတာ၊ အစ္စရေးပြည်သူတွေကို ရက်စက်သူ၊ ရိုင်းစိုင်းသူ၊ ခက်ထန်မာကြောသူတွေလို့ ရှုမြင်လာကြတာစတဲ့ အကျိုးဆက်တွေ ဖြစ်လာစေတယ်ဆိုရင် မမှားပါဘူး။ ဒီလိုလုပ်ရပ်တွေကို BBC သာမက ကမ္ဘာတစ်ဝန်းလုံးကို ဖြန့်ကြက်လွှမ်းမိုးထားတဲ့ အင်အားကြီးအနောက်မီဒီယာတွေ အကုန်လုံးက လုပ်နေကြတာဖြစ်ပါတယ်။

### ပြောတိုင်းယုံနေကြမှာလား

နိဂုံးချုပ်အားဖြင့် ဆိုရရင်တော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် နိုဝင်ဘာလ ၁၄ ရက်နေ့နောက်ဆုံးထားပြီး BBC ကိုပေးထားတဲ့ ရာဇသံရဲ့ နောက်ဆက်တွဲ ဆက်ဖြစ်နေတာတွေကို စိတ်ဝင်တစား စောင့်ကြည့်နေကြပါကြောင်းနဲ့ အစ္စရေးရဲ့ တုံ့ပြန်မှုဘယ်လိုရှိမလဲဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ သင်ခန်းစာယူစရာအနေနဲ့ကတော့ သတင်းမီဒီယာတွေက ထုတ်လုပ်ဖြန့်ချိသမျှ သတင်းတွေအပေါ် အရင်းအတိုင်းမယုံကြဖို့၊ အခြားရှုထောင့်တွေကပါ ရှုမြင်သုံးသပ်ကြဖို့ပါပဲ။ ဒီလိုအရည်အချင်းမျိုးရှိနိုင်ဖို့အတွက် သတင်းပရိသတ်တွေမှာ သတိနဲ့အတူ ဉာဏ်ပညာ၊ ဆင်ခြင်တုံတရားတို့ပါ လိုအပ်ပါတယ်။ ဖုံးတစ်ဝက်၊ ဖော်တစ်ဝက်နဲ့ သတင်းမီဒီယာတွေ ဉာဏ်များသမျှ၊ လှည့်စားသမျှ၊ ကျုံးသွင်းမောင်းနှင်သမျှ လိုက်ပါမခံစားကြရအောင် ပြောတိုင်းယုံတဲ့ ပုတ်သင်ညိုတွေ မဖြစ်ကြရအောင် လူတိုင်း Media Literacy ခေါ်တဲ့ သတင်းသိနားလည်နိုင်မှုစွမ်းရည်ကို မြှင့်တင်ထားကြရမှာဖြစ်ကြောင်းပါဗျား။ ။

# တရုတ် - မြန်မာ (၇၅)နှစ်မြောက် သံတမန်ဆက်ဆံရေးထူထောင်ခြင်းအထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် တရုတ်ပုံရိပ်ရုပ်ရှင်ရက်သတ္တပတ်နှင့် တရုတ် - မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်-မြန်မာ (၇၅)နှစ်မြောက် သံတမန်ဆက်ဆံရေး ထူထောင်ခြင်းအထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၆**

တရုတ်-မြန်မာ (၇၅) နှစ်မြောက် သံတမန်ဆက်ဆံရေး ထူထောင်ခြင်းအထိမ်းအမှတ် ယဉ်ကျေးမှုဖလှယ်ရေး မြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ မိတ်ဆက်ဗီဒီယိုကို ပြသသည်။

**ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားက အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခင်က တရုတ်နိုင်ငံမှ လာရောက်ကျင်းပသည့် ရုပ်ရှင်ပွဲတော်များကို ရန်ကုန်၊ မန္တလေး မြို့ကြီးတို့တွင် နှစ်စဉ်ကျင်းပခဲ့သည်ဟု သိရပါကြောင်း၊ မြန်မာပရိသတ်များအနေဖြင့် တရုတ်ရုပ်ရှင်ဇာတ်ကားများကို ယခင်ကတည်းက နှစ်ခြိုက်ကြသည့်အတွက် တရုတ်ရုပ်ရှင်ပွဲတော်များတွင် စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးခဲ့ကြပါကြောင်း၊ နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ဆက်ဆံရာတွင် အချို့ပရိသတ်များသည် ဘာသာစကား နားမလည်သည့်တိုင် ရုပ်ရှင်၏ ရိုက်ကူးဖော်ပြချက်များကြောင့် လူသားအချင်းချင်း၊ နှလုံးသားချင်း၊ ရင်ဘတ်ချင်း နားလည်မှုရရှိပြီး ပိုမိုရင်းနှီးလာစေပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြားတွင် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင်လည်း နှစ်နိုင်ငံဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ ကျင်းပသည့် ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ် ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ် - မြန်မာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကိုလည်း မြန်မာပရိသတ်များအနေဖြင့် တရုတ်နိုင်ငံအကြောင်းကို ပိုမိုသိရှိနားလည်ပြီး နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အရှိန်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ကို ကောင်းမွန်သည့် အစဉ်အလာအဖြစ် ထိန်းသိမ်းရင်း နောင်လာမည့်နှစ်များတွင်လည်း ယခုထက် ဇာတ်ကားအရေအတွက် ပိုမိုပြသနိုင်ရန်နှင့် ပွဲတော်များကို ဆက်လက်ကျင်းပနိုင်ပါစေကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး "ဝူခုန်း" ရုပ်ရှင်ဇာတ်ကားပြသမှုကို ကြည့်ရှုအားပေးကြသည်။

**လာရောက်ကြည့်ရှုနိုင်**

အဆိုပါ ၂၀၂၅ ခုနှစ် တရုတ်ပုံရိပ်ရုပ်ရှင် ရက်သတ္တပတ်နှင့် တရုတ်-မြန်မာ ရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဝူခုန်း၊ မင်္ဂလာပါမေမေ၊ လကမ္ဘာစွန့်စားခန်း၊ သူရဲကောင်း ရှစ်ရာ၊ ချစ်သော ဇာတိမြေ၊ စာဆိုတော်နှင့် ကြောင်နက်ရှင်၊ ကန္တာရခရီးသွား၊ အလွဲများနှင့်ဘဝဟူသည့် မြန်မာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ရှစ်ကားကို အခမဲ့ပြသသွားမည်ဖြစ်ကာ အမည်စာရင်း ပေးသွင်း၍ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ၊ ရွှေတောင်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံအား ၂၀၂၆ ခုနှစ် မတ်လမတိုင်မီ ပြင်ဆင်ဆောင်ရွက်ပေးရန်နှင့် စံချိန်စံညွှန်းပြည့်ဝစွာ ပြင်ဆင်ပေးရန်၊ ထိုင်ခုံခင်းကျင်းမှုနှင့် အသံစနစ်၊ မီးစနစ်များ ကောင်းမွန်စေရန် ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဝဇီရာရုပ်ရှင်ရုံရှေ့ မြန်မာ့မီးရထားပိုင် မြေနေရာ၌ ယာဉ်ရပ်နားရန် လျာထားဆောင်ရွက်သွားမည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပြည်သူ့အသိပညာပေးအစီအစဉ် (Public Service Announ-cement- PSA)အား နာမည်ကျော် အနုပညာရှင်များ ဖြစ်ကြသည့် ရဲလေး၊ ဟဲလေး၊ မင်းစည်သူ၊ မျိုးမြတ်သူ၊ စိန်ဖြိုးလှိုင်၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်၊ မေမဒီနှင့် ရီရီပွင့်ဖြူတို့နှင့် ရိုက်ကူးရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

**နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အနုပညာရှင်များနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲတွင် ပြည်သူများ လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်စွာအသိပညာပေးနိုင်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသော ပြည်သူများအနေဖြင့် မဲပေးခွင့်မဆုံးရှုံးစေရေးနှင့် နိုင်ငံနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်နိုင်မည့်သူများအား မှန်ကန်စွာ ရွေးချယ်မဲပေးနိုင်ရေးတို့အတွက် အနုပညာရှင်များက ယခုကဲ့သို့ ဆန္ဒအလျောက် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုအပေါ် ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ အနုပညာရှင်များအနေဖြင့်လည်း ပြည်သူချစ်သော အနုပညာရှင်များအဖြစ် အစဉ်အမြဲရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားကာ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**

## လားရှိုးမြို့၌ ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**လားရှိုး နိုဝင်ဘာ ၁၆**


ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးကြပ်၍ ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ လားရှိုးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် ၄ ချက်အား စုပေါင်း ရွတ်ဆိုခဲ့ကြသည်။(**အပေါ်ပုံ**)

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အားကစားပြိုင်ပွဲ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အကအဖွဲ့များမှ ကပြဖျော်ဖြေသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း စုစုပေါင်း အသင်း ၃၀ ပါဝင်ယှဉ်ပြိုင်ကာ အုပ်စုပွဲစဉ်၊ ပထမအဆင့် ရှုံးထွက်ပွဲစဉ်၊ ကွာတားဖိုင်နယ်ပွဲစဉ်၊ ဆီမီးဖိုင်နယ်ပွဲစဉ်၊ တတိယဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ စသည်ဖြင့် ပွဲစဉ်များအလိုက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံကမ်းလွန်)တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# မွန်ပြည်နယ်အတွင်း ကြိုးဝိုင်း၊ ကြိုးပြင်တောများ ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ရေးနှင့် ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်

**မော်လမြိုင် နိုဝင်ဘာ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် သယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဟန်ချက်ညီဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းဖြစ်စေရေး ဆောင်ရွက်လျက်ရှိပြီး မွန်ပြည်နယ်အတွင်း ကြိုးဝိုင်း၊ ကြိုးပြင်တောများ ထိန်းသိမ်းရေး ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ရေးနှင့် ဒီရေတောထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယံဇာတထုတ်ယူသုံးစွဲခြင်းများတွင် လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြည်သူက အားကိုးထိုက်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးဝင်းနှင့် ဝန်ထမ်းအိမ်ရာဝင်းအတွင်း စိမ်းလန်းသာယာလှပရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

သတင်းစဉ်



# တောင်ကြီးမြို့၌ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ၂၀၂၅-၂၀၂၈ ခုနှစ် အလုပ်အမှုဆောင်အသစ် ရွေးချယ်

**တောင်ကြီး နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (၂၀၂၅-၂၀၂၈) ခုနှစ်သက်တမ်း အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲနှင့် ပထမအကြိမ် အသင်းသား စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကို ၁၉၉၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံတကာမှ သံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် တွေ့ဆုံမှုများရှိလာကြောင်း၊ အသင်းကြီးသည် ညီနောင်အသင်း ၁၅ သင်းနှင့် ပူးပေါင်းဆောင်ရွက်ပြီး အသင်းသူ အသင်းသားများ၏ အကျိုးစီးပွား၊ ဒေသခံစိုက်ပျိုးတောင်သူများ၏ အကျိုးစီးပွားများကို အကောင်းဆုံးဖြစ်အောင် ကြိုးစား ဆောင်ရွက်လျက်ရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ အမှုဆောင်အသစ်ရွေးချယ်ပွဲမှ ရွေးချယ်ခံရသည့် ဦးဆောင်မည့်အဖွဲ့အနေဖြင့် ပြည်နယ်အကျိုး၊ ဒေသအကျိုး၊ အသင်းသား အသင်းသူများ၏ အကျိုးစီးပွားများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြစေလိုကြောင်း ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ခင်းကျင်းပြသထားသည့်ပြခန်းများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ၂၀၂၅-၂၀၂၈ ခုနှစ် အလုပ်အမှုဆောင်အသစ်ရွေးချယ်ပွဲ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ထက်ဝေအောင်(မြန်/ဆက်)

# မြိတ်မြို့၌ ခရိုင်၊ မြို့နယ်အဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကျင်းပ

**မြိတ် နိုဝင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ခရိုင်/မြို့နယ်အဆင့် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို (၃)ရက်ကြာ ကျင်းပလျက်ရှိရာ အထက(၁)ကျောင်း၌ အခြေခံပညာ မူလတန်းနှင့် အလယ်တန်းဆင့်သင် ဆရာ ဆရာမများအား အတန်းလိုက် ဘာသာရပ်ဆိုင်ရာများကို ဆွေးနွေးခဲ့ပြီး အထက(၂)ကျောင်းတွင် အထက်တန်းဆင့်သင် ဆရာ ဆရာမများအား အတန်းလိုက်ဘာသာရပ်ဆိုင်ရာများ ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင်အတွင်းရှိ အခြေခံပညာ ဆရာ ဆရာမများအား အတန်းလိုက်၊ ဘာသာရပ်အလိုက် သင်ကြားမှုအရည်အသွေးများ တိုးတက်မြင့်မားလာစေရန် နည်းပြဆရာ ဆရာမ ၅၃ ဦးက ဦးဆောင်၍ ခရိုင်အတွင်းရှိ မြိတ်၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီမြို့နယ်များမှ အတန်းလိုက်၊ ဘာသာရပ်အလိုက် ဆရာ ဆရာမ ၇၂၀ အား စာတွေ့လက်တွေ့ သင်ကြားခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများဖြင့် ဆွေးနွေးလျက်ရှိသည်။ အဆိုပါဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိကာ ဆွေးနွေးပွဲကို အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ဖွင့်ပွဲကျင်းပပြီး မြိတ်ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က အမှာစကားပြောကြားကာ မြိတ်ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခိုင်ထူး(မြန်/ဆက်)



# ရွှေတောင်မြို့၌ အထွက်ကောင်း၊ အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်း စပါးမျိုးများမျိုးသန့်ပွားစိုက်ပျိုး

**ရွှေတောင် နိုဝင်ဘာ ၁၆**

စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမင်းသည် ၂၀၂၅-၂၀၂၆ မိုးစပါးစိုက်ပျိုးချိန်ရာသီတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယ်ကျေးရွာ တောင်သူ ဦးကျော်ဌေး၏ လယ်၌ စိုက်ပျိုးထားသော အရည်အသွေးကောင်း၊ အထွက်ကောင်း စပါးမျိုးဖြစ်သည့် ရေဆင်းပေါ်ဆန်း-၁ စပါးမျိုး တစ်ဧက နှင့် ရေဆင်းပေါ်ဆန်း-၂ စပါးမျိုး တစ်ဧက မျိုးသန့်ပွားစိုက်ပျိုးထားရှိမှုအခြေအနေကို နိုဝင်ဘာ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**



ရေဆင်းပေါ်ဆန်း စပါးမျိုးများသည် နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်ပြီး ပေါ်ဆန်းမွှေးကဲ့သို့ အရည်အသွေးကောင်းမွန်ခြင်း၊ အသက်ရက် ၁၂၀-၁၂၅ ရက်သက်တမ်းရှိ အထွက်ကောင်းမျိုးများဖြစ်ကာ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်သည့် အလားအလာကောင်းသော စပါးမျိုးများဖြစ်၍ နိုင်ငံခြား Export တင်ပို့နိုင်သောကြောင့် တောင်သူဝင်ငွေနှစ်ဆ တိုးပြီးရရှိနိုင်မည်ဖြစ်သောကြောင့် တောင်သူများ ရေဆင်းပေါ်ဆန်း စပါးမျိုးများကို တွင်တွင်ကျယ်ကျယ်စိုက်ပျိုးကာ ပြည်တွင်းစားသုံးမှု ဖိုလျှံအောင်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေး ကြိုးပမ်းခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရရှိနိုင်သောကြောင့် ယခု မျိုးသန့်ပွားစိုက်ပျိုး ရရှိသည့် မျိုးသန့်စပါးမျိုးစေ့များကို အသုံးပြုကာ လာမည့် ၂၀၂၆-၂၀၂၇ မိုးစပါးရာသီနှင့် နွေစပါး ရာသီတို့တွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရန် တောင်သူများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (မြန်/ဆက်)**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၆** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၁၆)

## စိုက်ပျိုးမွေးမြူရေးပညာရပ်များ သင်ကြားရာတွင် အဝေးသင်ပညာရေး၏ အခန်းကဏ္ဍ

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)

❖ **အဝေးသင်စနစ်သင်ကြားမှု (Distance Learning/ Online Learning/ E-learning) သည် မြန်မာနိုင်ငံအတွင်း ကျေးလက်ဒေသနေရာအနှံ့ရှိ ကျောင်းသား ကျောင်းသူများ အားလုံးပါဝင်သင်ကြား၊ သင်ယူနိုင်ရေးအတွက် အရေးကြီးသော နည်းလမ်းတစ်ခုဖြစ်ပြီး တက္ကသိုလ် ကောလိပ်၊ သိပ္ပံများသို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခွင့်မရှိသော တောင်သူလယ်သမား၊ ယာသမား၊ မွေးမြူရေးလုပ်ကိုင်နေကြသူများ၊ အစိုးရ၊ ပုဂ္ဂလိက တောင်သူပညာပေးဝန်ထမ်းများ (Extension Workers)နှင့် ကျောင်းသားများအတွက် အသိပညာရရှိနိုင်သော နည်းလမ်းတစ်ခုဖြစ်**

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်၊ အသက်မွေး ပညာသင်ကျောင်းများနှင့် ထိုနိုင်ငံများရှိ စိုက်ပျိုး၊ မွေးမြူ စိုက်ပျိုးစီးပွားရေးအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အဝေးသင်ပညာရေးဖြင့် ပံ့ပိုး၊ သင်ကြားပေးနေမှု (Context and Strategic Significance of Distance Learning in Agriculture) အခန်းကဏ္ဍကို ဆက်လက်ဆွေးနွေးပါမည်။

**စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တောင်သူလယ်သမားများအတွက် အဝေးသင်စနစ် သင်ကြားမှု၏ အခန်းကဏ္ဍနှင့် အရေးပါမှု**

**အဝေးသင်စနစ်သင်ကြားမှု၏ အခန်းကဏ္ဍ**

အဝေးသင်စနစ်သင်ကြားမှု (Distance Learning/ Online Learning/ E-learning) သည် မြန်မာနိုင်ငံအတွင်း ကျေးလက်ဒေသနေရာအနှံ့ရှိ ကျောင်းသား ကျောင်းသူများအားလုံး ပါဝင်သင်ကြား၊ သင်ယူနိုင်ရေးအတွက် အရေးကြီးသော နည်းလမ်းတစ်ခုဖြစ်ပြီး တက္ကသိုလ်ကောလိပ်၊ သိပ္ပံများသို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခွင့်မရှိသော တောင်သူလယ်သမား၊ ယာသမား၊ မွေးမြူရေးလုပ်ကိုင်နေကြသူများ၊ အစိုးရ၊ ပုဂ္ဂလိကတောင်သူ ပညာပေးဝန်ထမ်းများ (Extension Workers)နှင့် ကျောင်းသားများအတွက် အသိပညာရရှိနိုင်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။

အဓိကအခန်းကဏ္ဍများမှာ -

**(က) သင်ကြား/သင်ယူမှုအခွင့်အလမ်းပေးခြင်း။** ကျေးလက်ဒေသရှိ လယ်သမားများ၊ ဗဟုသုတရယူလိုသော စိုက်ပျိုးမွေးမြူရေးဘွဲ့ရသူများအတွက် တက္ကသိုလ်သို့ မသွားဘဲ သင်ကြားနိုင်အောင် လုပ်ဆောင်ပေးပါသည်။

**(ခ) အမြဲတမ်းသင်ကြားနိုင်သော အခွင့်အလမ်း (Lifelong Learning)။** လယ်ယာနှင့်ဆိုင်သော ပညာရှင်များအတွက် နည်းပညာအသစ်များ၊ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးမွေးမြူရေး (Sustain-able Agriculture) စသည့် အသိပညာများကို အချိန်မရွေး၊ နေရာမရွေး၊ အသက်အရွယ်မရွေး သင်ယူနိုင်အောင် ကူညီပေးပါသည်။

**(ဂ) သင်ကြားရေးနှင့် လူ့စွမ်းအားတည်ထောင်မှု (Capacity Building) အတွက် အထောက်အကူဖြစ်ခြင်း။** အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ ပုဂ္ဂလိကကုမ္ပဏီများ၊ သုတေသနအဖွဲ့များအနေဖြင့် လယ်သမားများကို အချိန်တိုတိုအတွင်း အများအပြားသင်ကြား၊ နည်းပညာအသစ်များပေးနိုင်သည်။

**(ဃ) နည်းပညာအသုံးပြုမှုနှင့် ဖန်တီးမှုကိုအားပေးခြင်း။** တိကျသော စိုက်ပျိုးမွေးမြူရေး (Precision Farming)၊ ရေသွင်းခြင်းဆိုင်ရာ စီမံခန့်ခွဲမှု (Irrigation Management)၊ မြေဆီလွှာသိပ္ပံ (Soil Science)၊ စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် ဉာဏ်ရည်တု၏အခန်းကဏ္ဍ (AI in Agriculture) စတဲ့ နည်းပညာသစ်များကို အွန်လိုင်း/ အဝေးသင်စနစ်မှ သင်ယူနိုင်သည်။

**(င) တက္ကသိုလ်၊ စက်မှုနှင့် စိုက်ပျိုးမွေးမြူလယ်ယာလုပ်ငန်းများ အပြန်အလှန်ချိတ်ဆက်မှု။** နိုင်ငံခြားရှိ သုတေသနပညာရှင်များ အပါအဝင် ကျွမ်းကျင်သူများ၊ ကျောင်းသား ကျောင်းသူများ၊ လယ်သမားများအကြား ဗဟုသုတဖလှယ်ပေးနိုင်သည်။

**အဝေးသင်စနစ် သင်ကြားမှုအတွက်**

| **အချက်အလက်** | **အရေးပါမှု** |
|---|---|
| **လက်လှမ်းမီမှု (Accessibility)** | ကျေးလက်ဒေသရှိလယ်သမားများအတွက် တက္ကသိုလ်ပညာကို လက်လှမ်းမီအောင် လုပ်ပေးသည်။ |
| **အချိန်နှင့်နေရာ လွတ်လပ်မှု (Flexibility)** | လယ်ယာအလုပ်၊အခြားအလုပ် လုပ်နေစဉ် သင်ကြားနိုင်ပြီး အချိန်အခက်အခဲမရှိပါ။ ဝင်ငွေလည်းရှာနိုင်ပါသည်၊ |
| **ကုန်ကျစရိတ် လျှော့ချခြင်း (Cost-effectiveness)** | ခရီးသွားဖို့၊ နေထိုင်ဖို့စရိတ်များ လျှော့ချနိုင်သည်။ |
| **အသိပညာမြန်ဆန်စွာ ပြန့်ပွားခြင်း** | သုတေသနနှင့် နည်းပညာအသစ်များကို မြန်မြန်ပြန့်ပွားနိုင်သည်။ |
| **နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှု** | နိုင်ငံအနှံ့မှ သုတေသနပညာရှင်များ၊ ကျောင်းသားများအကြား အကြံဉာဏ်ဖလှယ်မှု ဖြစ်ပေါ်စေသည်။ |
| **ပတ်ဝန်းကျင် ထိန်းသိမ်းမှု** | စာအုပ်၊ ပစ္စည်းကုန်ကျမှုနည်းပြီး ဒစ်ဂျစ်တယ်သင်ယူမှုစနစ် (Digital Learning) နည်းလမ်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ ပျက်စီးမှု နည်းပါးစေပါသည်။ |

**ဥပမာ - ဗာဂန်နီးဂန်တက္ကသိုလ်၊ နယ်သာလန်နိုင်ငံ (Wageningen University & Research (WUR)**

နယ်သာလန်နိုင်ငံ ဗာဂန်နီးဂန်တက္ကသိုလ် (WUR) သည် ကမ္ဘာ့အဆင့်မြင့် စိုက်ပျိုးမွေးမြူရေး၊ လယ်ယာသုတေသနနှင့် တက္ကသိုလ်ပညာရေးအတွက် (ကမ္ဘာ့အဆင့်-၁) နာမည်ကြီးသော တက္ကသိုလ်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးပညာများကို အဝေးသင်ပညာရေးစနစ်ကို အထူးအကျိုးရှိအောင် အသုံးပြုနေသော တက္ကသိုလ်တစ်ကျောင်းဖြစ်ပါသည်။

ဥပမာ သင်ခန်းစာများ - အစားအစာလုံခြုံစိတ်ချမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု၊ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးမွေးမြူရေး၊ အာဟာရဓာတ်နှင့် အစားအစာစနစ်၊ စိုက်ပျိုးစီးပွားရေးပညာ

**အကျိုးသက်ရောက်မှု**

ဗာဂန်နီးဂန်တက္ကသိုလ် (WUR)၏ အွန်လိုင်း/အဝေးသင် သင်တန်းများကို အီးဒီအိပ် _ဗာဂန်နီးဂန် အဝေးစနစ် (edX & WUR Online Platform ဖြင့် ကမ္ဘာအနှံ့ရှိ ကျောင်းသား ကျောင်းသူများနှင့် တောင်သူလယ်သမားများ နှစ်စဉ် စုစုပေါင်းတစ်သိန်းခန့် သင်ကြားလေ့လာနေကြပါသည်။ တောင်အာဖရိက၊ အာရှ၊ အာဖရိက စသည့် နိုင်ငံများမှ ကျေးလက်ဒေသနေ ကျောင်းသား ကျောင်းသူ၊ ပညာသုံးသူများလည်း ခရီးသွားစရာမလိုဘဲ နယ်သာလန်နိုင်ငံမှ စိုက်ပျိုး၊ မွေးမြူရေး အသိပညာများ ရယူနိုင်ပါသည်။ ဤစနစ်သည် နိုင်ငံအားလုံး အနှံ့အပြား ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုး၊ မွေးမြူရေး (Sustainable Agriculture) ကို မြှင့်တင်ရန်နှင့် လယ်ယာနည်းပညာဖွံ့ဖြိုးမှုအတွက် အထောက်အကူ ဖြစ်စေပါသည်။

**စာရေးသူ၏ အတွေးတစ်စ**

စိုက်ပျိုး၊ မွေးမြူရေးဘာသာများ အဝေးသင် သင်ကြားမှုစနစ်သည် တောင်သူလယ်သမားများနှင့် ကျေးလက်ဒေသနေသူများအတွက် ပညာရေးအခွင့်အလမ်း ဖန်တီးပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးနည်းပညာအသစ်များကို မြန်မြန်ပြန့်ပွားစေခြင်း၊ တက္ကသိုလ်များ၊ စက်မှုနည်းပညာ၊ ခေတ်မီသင်ကြားရေးစနစ်နှင့် လယ်ယာများအကြား ချိတ်ဆက်မှု တိုးမြှင့်နိုင်ခြင်း၊ နိုင်ငံတကာအဆင့် စိုက်ပျိုးမွေးမြူရေး တီထွင်ဖန်တီးမှုများကို အဆင့်မြှင့်တင်ခြင်း စသဖြင့် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံ အဝေးသင်တက္ကသိုလ်များပညာရေးစနစ်က ဝေးလံခေါင်ဖျား၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ ကျေးလက်နေလူငယ်များအထိ ပျံ့နှံ့ရောက်ရှိနေသောစနစ် ဖြစ်ပါသည်။

တက္ကသိုလ်၊ ကောလိပ်နေ့သင်တန်းများသို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်သော အထူးသဖြင့် ကျေးလက်ဒေသ၊ ကျေးရွာများ၌ရှိနေသော ကျောင်းသား ကျောင်းသူများကို သူတို့အတွက် အသုံးတည့်မည့် စိုက်ပျိုးမွေးမြူပညာရပ်များကို အဝေးသင်ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းပြီး အဝေးသင်သိပ္ပံဘာသာရပ်များ သင်ကြားသကဲ့သို့ စနေ၊ တနင်္ဂနွေနေ့ရက်များတွင် စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်/သိပ္ပံများ၌ လက်တွေ့ကွင်းဆင်းမှုများပြုလုပ်၍ ကျေးလက်နေ ကျောင်းသား ကျောင်းသူများအတွက် လယ်ယာသီးနှံ (Agronomy)၊ ဥယျာဉ်ခြံသီးနှံ (Horticulture)၊ စက်မှုလယ်ယာ (Farm Machinery)၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက် စသည့် မွေးမြူရေးတိရစ္ဆာန်များ (Farm Animals) အကြောင်း၊ မိမိအိမ်အတွင်း အိမ်ခြံစိုက်ပျိုးခြင်း (Home Gardening)၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း (Agroforestry)၊ သဘာဝ၊ စိုက်ပျိုးရေး အခြေပြု ခရီးသွားလုပ်ငန်း (Ecotourism/ Agrotourism) စသည့် ပညာရပ်များအကြောင်း ဒီဂရီ/ ဒီပလိုမာ ဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သော အမိမြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ မဖြစ်နိုင်ပေဘူးလားဟူ၍ အတွေးဝင်နေမိပါသည်။

ရှုံးချိန်ပြင်ပ သင်ကြားပေးရသော ဆရာ ဆရာမများအတွက် ဉာဏ်ပူဇော်ခ အပိုထပ်ဆောင်းချီးမြှင့်ခြင်းတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးရပါမည်။ သို့မဟုတ်ပါက သင်ကြားပေးမှု၌ စိတ်အားထက်သန်စွာ သင်ကြားပေးမှုမရှိလျှင် လက်တွေ့မပါတော့ဘဲ အလွတ်ကျက်စာသင်စနစ်ကို ရောက်ရှိသွားနိုင်သည်ကိုလည်း သတိထားရပါမည်။ ။

**စိုက်ပျိုး၊ မွေးမြူရေးဘာသာများ အဝေးသင် သင်ကြားမှုစနစ်သည် တောင်သူလယ်သမားများနှင့် ကျေးလက်ဒေသနေသူများအတွက် ပညာရေးအခွင့်အလမ်းဖန်တီးပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးနည်းပညာအသစ်များကို မြန်မြန် ပြန့်ပွားစေခြင်း၊ တက္ကသိုလ်များ၊ စက်မှုနည်းပညာ၊ ခေတ်မီသင်ကြားရေးစနစ်နှင့် လယ်ယာများအကြား ချိတ်ဆက်မှု တိုးမြှင့်နိုင်ခြင်း၊ နိုင်ငံတကာအဆင့် စိုက်ပျိုးမွေးမြူရေး တီထွင်ဖန်တီးမှုများကို အဆင့်မြှင့်တင်ခြင်း စသဖြင့် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်**

❑ *ကျောဖုံးမှ*

ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မဖြစ်ပေါ်စေရန် အဓိက ကစားသမားအများစုဖြင့် ဆီွဒင်အသင်းကို ရင်ဆိုင်လာခဲ့သည်။

ပွဲချိန် ၁၃ မိနစ်တွင် ဆွစ်ဇာလန်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး အသင်းတိုက်စစ်ကစားသမား အမ်ဘိုလိုက သွင်းယူပေးခဲ့သည်။ ထို့နောက် ပြိုင်ဘက် ဆီွဒင်အသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲချိန် ၃၃ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါချေပဂိုးကို ဘင်ဂျမင်က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ဆီွဒင်အသင်း၏ ကစားအား သိသိသာသာ ကျဆင်းသွားခဲ့ပြီး ဆွစ်ဇာလန်အသင်းကသာ ပွဲကို ထိန်းချုပ်ကစားကာ သွင်းဂိုးများ သွင်းယူနိုင်ခဲ့သည်။

ဆွစ်ဇာလန်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် မိနစ် ၆၀ တွင် ရှာကာက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ထို့နောက် ဆီွဒင်အသင်းသည် လူစားလဲပြောင်းလဲမှုများပြုလုပ်ကာ ချေပဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားကို ကျော်ဖြတ်နိုင်ခြင်းမရှိသည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ဆွစ်ဇာလန်အသင်းအတွက် တတိယဂိုးနှင့် စတုတ္ထဂိုးကို ပွဲချိန် ၇၅ မိနစ်နှင့် မိနစ် ၉၀ တွင် အင်ဒိုယေနှင့် မန်ဇမ်ဘီတို့က သွင်းယူပေးခဲ့သည်။

ဆီွဒင်အသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲ ငါးပွဲကစားပြီးချိန်တွင် နိုင်ပွဲရရှိထားခြင်းမရှိဘဲ တစ်ပွဲသရေနှင့် လေးပွဲအထိ ရှုံးနိမ့်ထားသည်။ ပြိုင်ဘက် ဆွစ်ဇာလန်အသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေနှင့် ခြေစစ်ပွဲအောင်မြင်ရန် လက်တစ်ကမ်းအလို ရောက်ရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ကိုဆိုဗိုက ဆလိုဗေးနီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ ဂရိက စကော့တလန်ကို သုံးဂိုး - နှစ်ဂိုး၊ ဘော့စနီးယားက ရိုမေးနီးယားကို သုံးဂိုး -တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဒိန်းမတ်နှင့် ဘယ်လာရုစ် အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

၁၃၈၇ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြသည်။



ထိုသို့လှူဒါန်းရာတွင် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက အလှူငွေကျပ်သိန်း (၁၀၀)၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၂၈၈ သိန်း၊ သာကေတမြို့နယ် စာရေးဆရာအသင်းဝင် ဆရာနန်းအောင်လှိုင်-ဆရာမ သီရိနန်းထက်စံ မိသားစုနှင့် ဆရာကြီးတက္ကသိုလ် တင်မောင်ထွေး(နတ်ရေကန်)အား ရည်စူး၍ နတ်ရေကန်မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ကွယ်လွန်သူ ဦးကျော်ဝင်း (ပုဏ္ဏာဝတီဘုန်းဆွေ) အား ရည်စူး၍ ဇနီးဖြစ်သူ ဒေါ်ဘေဘီမြင့် (ရွှေဘိုသီရိမာလာ)၊သားများဖြစ်ကြသော ဦးကိုကိုအောင်၊ ဦးကိုကိုမောင်နှင့် ဦးကိုကိုနိုင် မိသားစုက ငွေကျပ် ငါးသိန်း၊ အမရပူရမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၁၀၀၀၀၊ ဦးညွန့်တင်(မောင်ငြိမ်းသူ - ကြို့ပင်ကောက်)၊ ဆရာဦးကျော်မြင့် (GA)နှင့် ကြံခင်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါ်ခင်အေးသန်း (စာရေးဆရာမ ခင်ဆွေလတ်)၊ တောင်ငူမြို့နယ် စာရေးဆရာအသင်း၊ အလုံမြို့နယ်စာရေးဆရာအသင်းနှင့် ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ မောင်ကျော်ဇော(နံ့သာမြေ) က ငွေကျပ်တစ်သောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ဘားအံမြို့၌ မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းပြည့်စုံမှန်ကန်စေရေး ပြန်လည်စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၁၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိ ပြည်သူများ မဲပေးနိုင်ရေး၊ မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် ပြန်လည်စိစစ် စစ်ဆေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၀ ရက်က ဘားအံမြို့ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၌ ပြုလုပ်သည်။**(ယာပုံ)**

ထိုသို့ မဲဆန္ဒရှင်စာရင်းများ ပြန်လည်စိစစ်ဆောင်ရွက်ရာတွင် ဘားအံမြို့နယ်အတွင်းရှိ တိုက်နယ် ကိုးခုမှ မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းများ မှန်ကန်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်သော



စိစစ်ရေးအဖွဲ့တို့က မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ မဲဆန္ဒရှင်စာရင်းများ ကျန်ရှိမှု မရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်း၍ စိစစ်ဆောင်ရွက်ခဲ့ကြကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

### နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၆**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တရုတ်နိုင်ငံ၌ ယခုနှစ် ပထမ ၁၀ လအတွင်း ရထားစီးခရီးသည်ပေါင်း စံချိန်တင် အမြင့်ဆုံးအထိ ရောက်ရှိလာ



**ပေကျင်း နိုဝင်ဘာ ၁၆**

တရုတ်နိုင်ငံ၌ ယခုနှစ် ပထမ ၁၀ လအတွင်း ရထားစီးခရီးသည် အရေအတွက်သည် စံချိန်တင် အမြင့်ဆုံးအထိ ရောက်ရှိလာကြောင်း တရုတ်နိုင်ငံပိုင် ရထားလုပ်ငန်းစုကုမ္ပဏီ၏ နိုဝင်ဘာ ၁၆ ရက်တွင် ဖော်ပြထားသော အချက်အလက်များအရ သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအထိ နိုင်ငံတစ်ဝန်း ရထားစီးသော ခရီးသည်အရေအတွက် စုစုပေါင်းမှာ ၃ ဒသမ ၉၅ ဘီလီယံအထိရှိခဲ့ပြီး ယမန်နှစ်ကထက် ၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ရထားလမ်းပြေးဆွဲရေး အော်ပရေတာက ပြောသည်။

ယခုနှစ်အစပိုင်းမှစတင်ကာ ဘေးကင်းလုံခြုံစွာနှင့် စနစ်တကျ ခရီးသွားလာနိုင်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် များပြားလာသော ခရီးသည်များ၏ အမျိုးမျိုးသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ အော်ပရေတာက ပြောသည်။

ယင်းကာလအတွင်း ခရီးသွားလုပ်ငန်းကို အဓိကထားသော ရထားခရီးစဉ်ပေါင်း ၂၀၄၉ ကြိမ် ပြေးဆွဲခဲ့ပြီး ယမန်နှစ်ကထက် ၂၈ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဆိုသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်စိုက်ပျိုးရေးလုပ်သား တောင်ကိုရီးယားသို့ ပို့ရန် စာချုပ်

**မနီလာ နိုဝင်ဘာ ၁၆**

တောင်ကိုရီးယားနိုင်ငံ၏ ရာသီအလိုက် လုပ်သားအစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် နားလည်မှုစာချွန်လွှာအသစ် ပြုလုပ်ကာ ဖိလစ်ပိုင်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် ၎င်းတို့၏ မိတ်ဖက်ဆက်ဆံရေးကို ခိုင်မာစေခဲ့ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနက နိုဝင်ဘာ ၁၆ ရက်တွင် ပြောသည်။

အဆိုပါသဘောတူညီချက်သည် ဖိလစ်ပိုင် ရာသီအလိုက် တောင်ကိုရီးယားသို့ လုပ်သားများစေလွှတ်ရာတွင် အမျိုးသားအဆင့်နှင့် ဒေသတွင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို စည်းလုံးညီညွတ်စေမည့် မူဘောင်တစ်ရပ်ချမှတ်ပေးလိုက်ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါသဘောတူညီချက်သည် နှစ်နိုင်ငံကြား တရားဝင်အလုပ်ခန့်အပ်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးသကဲ့သို့ မျှတသည့်အလုပ်ခန့်ထားမှုစနစ်၊ တရားဝင်အကာအကွယ်ရရှိမှုနှင့်သင့်လျော်သည့် လူမှုဖူလုံရေးစောင့်ရှောက်မှုများအတွက် အာမခံချက်ပေးထားသည်။ ယင်းသဘောတူညီချက်အောက်တွင် ပြန်လာသည့် အလုပ်သမားများအား ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနက စိုက်ပျိုးရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များကို ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။ **ဆင်ဟွာ**

# လာအိုနိုင်ငံ၌ (၁၂) ကြိမ်မြောက် အမျိုးသားအားကစားပြိုင်ပွဲ ဖွင့်လှစ်

**ဗီယင်ကျန်း နိုဝင်ဘာ ၁၆**

လာအိုနိုင်ငံ၏ အကြီးဆုံးသော အားကစားပွဲတော်ဖြစ်သည့် (၁၂) ကြိမ်မြောက် အမျိုးသားအားကစားပြိုင်ပွဲကို ဗီယင်ကျန်းမြို့ရှိ အမျိုးသားအားကစားကွင်း၌ နိုဝင်ဘာ ၁၅ ရက်တွင် တရားဝင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဗီယင်ကျန်းအုပ်ချုပ်ရေးမှူး အတ်စဖန် ထောင်စီဖန်ဒုန်းက အဖွင့်အမှာစကားပြောကြားရာတွင် အဆိုပါပြိုင်ပွဲသည် ပြည်သူ့ကျန်းမာရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် အမျိုးသားအားကစားစိတ်ဓာတ်များကို မြှင့်တင်ရာတွင် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

(၁၂) ကြိမ်မြောက် အမျိုးသားအားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အားကစားသမား ၉၄၈၅ ဦးက အားကစားနည်း ၃၃ မျိုးတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။ **ဆင်ဟွာ**

# သီရိလင်္ကာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေဒေါ်လာ ၂ ဒသမ ၆၆ ဘီလီယံခန့်ရရှိ

**ကိုလံဘို နိုဝင်ဘာ ၁၆**

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကာလအတွင်း သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆ ဘီလီယံခန့် ဝင်ငွေရရှိခဲ့ကြောင်း သီရိလင်္ကာဗဟိုဘဏ်၏ နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် အောက်တိုဘာလ တစ်လတည်းပင် ခရီးသွားလုပ်ငန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၁ သန်းအထိ ရရှိခဲ့သည်။ သီရိလင်္ကာ ခရီးသွားလုပ်ငန်း၏ ဇန်နဝါရီမှ အောက်တိုဘာလအထိ စုစုပေါင်းဝင်ငွေသည် ၂၀၂၄ ခုနှစ် ကာလတူထက် ၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဗဟိုဘဏ်က ဆိုသည်။

အခြားတစ်ဖက်တွင် သီရိလင်္ကာခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ စာရင်းဇယားများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလ ၁၂ ရက်အထိ နိုင်ငံခြားခရီးသည် စုစုပေါင်း ၁၉၇၂၉၅၇ ဦး ဝင်ရောက်ခဲ့ကြောင်း ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ခရီးသည် ၄၄၃၆၂ ဦးဖြင့် အကြီးဆုံးဈေးကွက်အဖြစ် ဆက်လက်ရှိနေပြီး ယင်း၏နောက်တွင် ဗြိတိန်မှ ၁၈၀၅၉၂ ဦး၊ ရုရှားမှ ၁၄၄၃၀၈ ဦး၊ ဂျာမနီမှ ၁၂၃၀၅၃ ဦးနှင့် တရုတ်နိုင်ငံမှ ၁၁၅၄၀၀ တို့ ဝင်ရောက်ခဲ့ကြောင်း သီရိလင်္ကာခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ဆိုသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန် တောင်ပိုင်းဒေသထွက် တလည်းသီး တန်ချိန် ၂၂၀၀၀ ခန့် ပြည်ပသို့တင်ပို့



**ကဘူးလ် နိုဝင်ဘာ ၁၆**

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာဒေသမှ တလည်းသီး တန်ချိန် ၂၂၀၀၀ ခန့်ကို တင်ပို့ပြီးဖြစ်ကြောင်း ပြည်နယ် စိုက်ပျိုးရေးညွှန်ကြားရေးမှူး အိုင်မာလ်ဟာကီမီက နိုဝင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ကန်ဒါဟာပြည်နယ်မှ တလည်းသီး တန်ချိန် ၇၀၀၀ သာ တင်ပို့ခဲ့ရပြီး ယခုနှစ်တွင် ယနေ့အထိ တလည်းသီး တန်ချိန် ၂၁၇၇၀ တင်ပို့ပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။ ယခုနှစ်အတွက် ကန်ဒါဟာဒေသ၏ တလည်းသီး တင်ပို့မှု အဓိကဈေးကွက်များမှာ မလေးရှား၊ ရုရှား၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန် နိုင်ငံတို့ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

တလည်းသီး အများဆုံးထွက်ရှိရာ ဒေသအဖြစ် လူသိများသည့် ကန်ဒါဟာဒေသသည် အာဖဂန်နစ္စတန်၏ ထိပ်တန်း တလည်းသီး ထုတ်လုပ်သည့် ပြည်နယ်များအနက် တစ်ခုဖြစ်သည်။ တလည်းသီး တင်ပို့မှု တိုးတက်လာခြင်းသည် ဥယျာဉ်သီးနှံထုတ်လုပ်မှု တိုးတက်လာခြင်း၊ ရိတ်သိမ်းချိန်လွန်ကာလ ထိန်းသိမ်းမှုနည်းစနစ်များ ပိုမိုကောင်းမွန်လာခြင်းနှင့် ပြည်ပဝယ်လိုအားနှင့် ကုန်သွယ်မှုဆက်ဆံရေး ပိုမိုခိုင်မာလာခြင်းတို့ကြောင့်ဖြစ်ကြောင်း အရာရှိက ဆိုသည်။

စစ်ပြီးကာလ နိုင်ငံတော်ဘဏ္ဍာငွေသို့ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် ပံ့ပိုးပေးနေသည့် တလည်းသီးကို အာဖဂန်နစ္စတန်၏ အဓိကတင်ပို့ကုန်ပစ္စည်းများအနက် တစ်ခုအဖြစ် သတ်မှတ်ထားသည်။

ဒေသခံ တောင်သူများ၏ နှစ်စဉ်ဝင်ငွေ တိုးပွားစေရန်နှင့် တန်ဖိုးကြီး သစ်သီးတင်ပို့မှု ရေရှည် တည်တံ့စေရန်အတွက် ဒေသအာဏာပိုင်များက တလည်းသီး စိုက်ပျိုးတောင်သူများနှင့် ကုန်သည်များအား ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ်၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၃၆ ဦး ရှိလာ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၆**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ သွေးလွန်တုပ်ကွေးကြောင့် နောက်ထပ်သေဆုံးသူ သုံးဦးတိုးလာရာ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူစုစုပေါင်း ၃၆ ဦးအထိရှိလာသည်ဟု ပြည်နယ်ကျန်းမာရေးဌာနက နိုဝင်ဘာ ၁၅ ရက်တွင် ပြောသည်။

ဆင်းဒ်ပြည်နယ်ရှိ ဟိုဒရာဘတ်ခရိုင်တွင် အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၈၀ အရွယ် အမျိုးသမီးတစ်ဦးတို့ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးခဲ့ပြီး ကရာချိမြို့မှ အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာလည်း သွေးလွန်တုပ်ကွေးကြောင့် သေဆုံးခဲ့သည်။



ပါကစ္စတန်တောင်ပိုင်း ဟိုက်ဒရာဘတ်ခရိုင်တွင် သွေးလွန်တုပ်ကွေး တိုက်ဖျက်ရေးအတွက် ဆေးဖျန်းနေသည့် ကျန်းမာရေးလုပ်သား တစ်ဦးကို တွေ့ရစဉ်။

အဆိုပါကာလအတွင်း သွေးလွန်တုပ်ကွေး စစ်ဆေးမှုပေါင်း ၅၂၂၉ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး အတည်ပြုလူနာ ၇၇၄ ဦးရှိသည်ဟု ကျန်းမာရေးဌာနက ပြောသည်။ ယခုနှစ်အတွင်း ဆင်းဒ်ပြည်နယ်၌ သွေးလွန်တုပ်ကွေးကြောင့် ဆေးရုံတက်ရသူ ၁၈၀ ကျော်ရှိသည်။

ခြင်ပေါက်ပွားရာ နေရာများကို ရှင်းလင်းရန်နှင့် ရောဂါလက္ခဏာများ ပြသလာပါက ဆေးကုသမှုခံယူရန် ကျန်းမာရေးအရာရှိများက ဒေသခံများကို တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ် သဲချောင်းကျေးရွာရှိ ဆရာတော်ကြီးများအား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်ပြီး IDP စခန်းများမှ စခန်းတာဝန်ခံများနှင့်တွေ့ဆုံ

**စစ်တွေ နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ် သဲချောင်းကျေးရွာရှိ ဆရာတော်ကြီးများအား ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်ကာ မှန်စီကျေးရွာရှိ စီမံခန့်ခွဲမှုအဖွဲ့ရုံး၌ IDP စခန်းများမှ စခန်းတာဝန်ခံများနှင့် တွေ့ဆုံကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သဲချောင်းကျေးရွာရှိ မရာမာကြီး ဘုန်းတော်ကြီးကျောင်း ဆရာတော်နှင့် သဲချောင်း(ရခိုင်)ကျေးရွာရှိ သဲချောင်းကျောင်းသစ်ဆရာတော်တို့အား ဖူးမြော်ကာ ကျောင်းတိုက်အတွက် ဆိုလာမီးများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သဲချောင်း(ရခိုင်)ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မှန်စီကျေးရွာရှိ စီမံခန့်ခွဲမှုအဖွဲ့ရုံး၌ IDP စခန်းများမှ စခန်းတာဝန်ခံများနှင့်တွေ့ဆုံကြရာ ပြည်နယ်ဝန်ကြီးများက စခန်းတာဝန်ခံများအနေဖြင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး စသည့်ကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ စခန်းများနှင့် ဈေးများ သန့်ရှင်းသာယာရေး၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတိုးချဲ့ဆောင်ရွက်နိုင်ရေး ကဏ္ဍများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မှန်စီကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ လိုအပ်သော ကိစ္စများကို ဤရုံးတွင် စနစ်တကျ ကူညီဆောင်ရွက်ပေးနိုင်ရန် ဌာနဆိုင်ရာပေါင်းစုံဖြင့် ဖွဲ့စည်းတာဝန်ပေးကာ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ အလားတူ မှန်စီကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၊ IDP စခန်းများရှိ လူဦးရေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ဆောင်မှု အခြေအနေများကိုသိရှိပြီး ဌာနဆိုင်ရာများက လုပ်ဆောင်ပေးရမည့် အခြေအနေများကိုသိရှိနိုင်ရန် ရုံးဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စခန်းတာဝန်ခံအနေဖြင့် မိမိတို့စခန်းနှင့်ပတ်သက်၍ လိုအပ်ချက်များ လုပ်ဆောင်ရမည့်အချက်များကို ယခုရုံးတွင်လာရောက်ပြီး အချိန်တိုအတွင်း လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း၊ စခန်းတာဝန်ခံများက သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက စားသောက်ဖွယ်ရာများကို ပေးအပ်ကြရာ စခန်းတာဝန်ခံများက လက်ခံယူခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒီဇင်ဘာ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ဝန်ထမ်းများအနေဖြင့် မဲဆန္ဒပေးပိုင်ခွင့် အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့် မိမိနေထိုင်သည့် မြို့နယ်မှ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးခွဲများသို့ သွားရောက်၍ မိမိတို့၏ မဲစာရင်းကျန်ရှိမှု မရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကာ နိုင်ငံ့သားကောင်းများ ပီသစွာဖြင့် တစ်ဦးမကျန် သက်ဆိုင်ရာမဲရုံများသို့ သွားရောက်မဲပေးရန် လိုအပ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများ၊ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် ဝင်ငွေပိုမိုတိုးတက်ရရှိရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဝင်ငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်းရှိ ရိုးရာအိမ်များနှင့် ဆောင်ရွက်လျက်ရှိသည့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) ဝန်ထမ်းများအားလုံး နိုင်ငံတော်အပေါ် သစ္စာရှိရန်နှင့် အလုပ်ကို ကြိုးကြိုးစားစား လုပ်ဆောင်ကြရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ ရုံးအဆောက်အအုံ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် စာကြည့်တိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်း မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင် ပါဝင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင် ပါဝင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ လယ်ဝေးခရိုင် အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲစာရင်းများမှန်ကန်စေရေးအတွက် အခြေခံမဲစာရင်းတွင် ပါဝင်ရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ မြေပြင်နေထိုင်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ဒုတိယအကြိမ် မဲစာရင်းများ မကြေညာမီ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ် ဦးစီးမှူးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အရာရှိတို့က မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင် ပါဝင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များမေးမြန်းရာ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်း ဒုတိယအကြိမ် ကြေညာမည့် မဲစာရင်းများမှန်ကန်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၆

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ ဥက္ကဋ္ဌ ဦးရဲထွန်း က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်ကတော့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံပါတီ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးရဲထွန်း ဖြစ်ပါတယ်။ မိဘပြည်သူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝတရား ရှေ့ထား၍ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ၂၀၁၀ ခုနှစ်ကတည်းက မှတ်ပုံတင်အမှတ် ၁၇ ဖြင့် တရားဝင်ရပ်တည်ခဲ့ပြီး ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သလို ၂၀၂၃ ခုနှစ်တွင် မှတ်ပုံတင်အမှတ် ၄၄ ဖြင့် ဆက်လက်ရပ်တည်ကာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲမှာ အင်းစိန်ခရိုင်နှင့် တွံတေးခရိုင်တို့တွင် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ပွဲများနှင့် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ပါဝင်အရွေးခံမှာ ဖြစ်ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

မြန်မာနိုင်ငံဟာ နယ်ချဲ့ဗြိတိသျှတို့၏ မတရားသိမ်းပိုက်ထားမှုအောက်မှာ နှစ်ပေါင်း(၁၀၀) ကျော် ကျွန်နိုင်ငံအဖြစ်နေခဲ့ရပြီး ကျွန်တော်တို့ ဘိုးဘွားများက အသက်သွေးချွေးပေးဆပ် စတေးကာ သူ့ကျွန်မခံတော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအလီလီကို ဆင်နွှဲခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ လွတ်လပ်ရေးကြေညာနိုင်ခဲ့ပြီး ပါလီမန် ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ အချုပ်အခြာ အာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထူထောင်၍ ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့ပါတယ်။

သို့ပေမယ့် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ ဗိုလ်ချုပ်ကြီး နေဝင်းခေါင်းဆောင်သည့် တော်လှန်ရေးအစိုးရကို ဖွဲ့စည်းထူထောင်၍ ၁၉၇၄ ခုနှစ်၌ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သည့် တစ်ပါတီစနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သလို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး ကြိုးပမ်းခဲ့ကြသဖြင့် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ ၁၅ နှစ်အကြာ ၂၀၀၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီး မေလ ၂၉ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ-

အဲဒီနောက် ၂၀၁၀ ခုနှစ် မတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ထွက်ပေါ်လာခဲ့ရာ “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများနှင့် ငြိမ်းချမ်းသာယာသော လူနေမှုဘဝကို ပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပေါ်ရေးအတွက် နိုင်ငံသားအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်"ဟု အဓိဋ္ဌာန်ပြုကာ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) ကို နိုင်ငံရေးပါတီအဖြစ် ထူထောင်ခဲ့ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်အာဏာအရပ်ရပ်သည် နိုင်ငံသားများထံမှ ဆင်းသက်ရမည် ဟူသော မူကို အခြေခံ၍ အမျိုးသားနိုင်ငံရေးဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံပေါ်ပေါက်ရေး၊ (၂) မတူကွဲပြားခြားနားသည့် သဘောထားအလျောက် နိုင်ငံရေးပါတီများ ဥပဒေနှင့်အညီ ထူထောင်ခွင့်ရှိပြီး တန်းတူညီမျှ ပါဝင်ယှဉ်ပြိုင်၍ နိုင်ငံတော်အာဏာကို ရယူသုံးစွဲခွင့်ရှိသော စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံတော်ဖြစ်ပေါ်ရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံတော်နှင့်သက်ဆိုင်သည့် အရေးကိစ္စတိုင်းတွင် ဥပဒေနှင့်အညီ အခွင့်အရေးရှိသည့် နိုင်ငံသားတိုင်းက ကာယဉာဏဝီရိယစွမ်းအားအလျောက် တန်းတူညီမျှ အခွင့်အရေးရှိသည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊ (၄) အများစု၏သဘောဆန္ဒကို အနည်းစုက လေးစားလိုက်နာခြင်း၊ အနည်းစု၏ သဘောဆန္ဒကိုအများစုက တန်ဖိုးထားအသိအမှတ်ပြုခြင်းတည်းဟူသော ဒီမိုကရေစီကျင့်စဉ်အားကောင်းသည့် လူနေမှုဘဝဖြစ်ပေါ်ရေး၊ (၅) နိုင်ငံသားတိုင်း လူမျိုးဘာသာ၊ ဆင်းရဲ၊ ချမ်းသာ လိင်ကွဲပြားမှုကြောင့် တန်းတူညီမျှ အခွင့်အရေးခံစားခွင့်ရှိရေးကို ထိခိုက်မှုမရှိစေရန် အာမခံချက်ပေးနိုင်သည့် လူမှုဘဝဖြစ် ပေါ်ရေး၊ (၆) နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုကို အာမခံချက်ပေးနိုင်သည့် ဥပဒေပေါ်ပေါက်နိုင်စေရေး၊ (၇) နိုင်ငံသားတိုင်း၏ လုံခြုံမှုဆိုင်ရာအာမခံချက်များရရှိစေရေး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးအာမခံချက် ရရှိစေရေး၊ (၈) နိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်ရန်အတွက် အတတ်ပညာ၊ နည်းပညာတို့ကို လွယ်ကူစွာသင်ကြားနိုင်စေရန် နိုင်ငံတော်မှ ပံ့ပိုးနိုင်ရေး၊ (၉) ဒေသဆိုင်ရာအဖွဲ့စည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် မူဝါဒကျင့်သုံး၍ နိုင်ငံအတွက်အကျိုးရှိပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံခြားရေးမူဝါဒဖြစ်ပေါ်ရေး၊ (၁၀) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာ ဝိသေသလက္ခဏာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ (၁၁) တောင်သူလယ်သမားတို့၏ဘဝ မြင့်မားလာစေရန် နိုင်ငံတော်မှ နည်းပညာ၊ ချေးငွေ၊ သီးနှံဈေးကွက်ရရှိရေးနှင့် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရန် စက်ပစ္စည်းများ ဝယ်ယူတင်သွင်းခြင်း၊ စိုက်ပျိုးရေးသုံးပစ္စည်းများ ဝယ်ယူရေးတို့တွင် အခွန်အခများသက်သာခွင့်ရရှိစေရန်၊ (၁၂)နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး အစဉ်အမြဲစောင့်ထိန်းနိုင်ရန် ခေတ်မီ၍ အင်အားပြည့်ဝသော ကာကွယ်ရေးစနစ် ထွန်းကားလာစေရန် စသည့် ဦးတည်ချက်များ ထားရှိပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ (၁) လက်နက်ကိုင်ပဋိပက္ခ အမြစ်ပြတ်ချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ (၂) ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေး၊ (၃) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများ ထွန်းကားရေး၊ (၄) ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေး ဟူသည့် ရည်ရွယ်ချက်များ ထားရှိပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ (၁) ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသော နိုင်ငံရေးစနစ်၊ ဈေးကွက်စီးပွားရေးနှင့် ကိုက်ညီသော စီးပွားရေးစနစ်၊ နိုင်ငံတော်နှင့် ပြည်သူကိုအကျိုးပြုနိုင်သည့် ဥပဒေပြုရေးစနစ်၊ ပြည်သူလူထုက ရွေးပိုင်ခွင့်ရှိသည့် အုပ်ချုပ်ရေးစနစ်၊ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာသင်ကြားရေးစနစ်၊ အာမခံချက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်သော ကျန်းမာရေးစနစ်၊ နိုင်ငံသားတိုင်း ခွင့်တူညီမျှ ခံစားနိုင်သော မြေယာစနစ်၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ အသိအမှတ်ပြုသော ငွေကြေးစနစ်၊ သဘာဝဘေးအန္တရာယ် ကပ်ရောဂါအန္တရာယ်တို့ကြောင့် ထိခိုက်မှုကို တားဆီးကာကွယ်နိုင်သောစနစ်တို့ကို ခေတ်နှင့်အညီ အစဉ်အမြဲလွတ်လပ်စွာ ရှင်သန်တိုးတက် ဖြစ်ပေါ်လာစေရန် စီမံဆောင်ရွက်မည်။ (၂) နိုင်ငံသားများ၏ လွတ်လပ်ခွင့်များ အစဉ်အမြဲ ရှင်သန်နေစေရေးကို ရှေးရှု၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၊ လူထုလူတန်းစားနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ လူမှုရေးနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၊ ဘာသာရေးနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ စီးပွားရေးနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၊ အားကစားနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ တည်ထောင်နိုင်ရေးအတွက် အားပေးဆောင်ရွက်သွားမည်ဟု လုပ်ငန်းစဉ်များ ချမှတ်ထားပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ (၁) နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီ၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် လူ့ဂုဏ်သိက္ခာကင်းမဲ့ခြင်း၊ အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေခြင်းမဖြစ်ပေါ်စေရန်၊ (၂) နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို မပျက်ပြားစေဘဲ ဒီမိုကရေစီအခွင့်အရေးများ၊ အခြေခံလူ့အခွင့်ရေးများကို ပြည့်ပြည့်ဝဝကျင့်သုံးနိုင်ပြီး ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေးနည်းလမ်းကို စောင့်ထိန်းလိုက်နာရန်၊ (၃) လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးရေးအစွန်းရောက်ဝါဒ၊ ဘာသာရေးအစွန်းရောက်ဝါဒတို့ကို ဆန့်ကျင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးကျင့်စဉ်ကို စောင့်ထိန်းလိုက်နာကျင့်သုံးရန်၊ (၄) တိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းစွာ စုပေါင်းနေထိုင်ခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများ မပျောက်မပျက် ထာဝစဉ်ရှင်သန်သက်ဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရေးလမ်းစဉ်ကို စောင့်ထိန်းလိုက်နာရန် အခြေခံမူများ ချမှတ်ထားပါတယ်။



မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဝင်တိုင်းဟာ နိုင်ငံတော်၊ နိုင်ငံသားများနှင့် ပါတီအပေါ်တွင် သစ္စာရှိခြင်း၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားအားလုံး ရင်းနှီးချစ်ကြည်ရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာစွာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏အကျိုးကို အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်သည့် အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲထားရှိမွေးမြူခြင်း၊ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို မပျောက်မပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်ကို သက်ဝင်ယုံကြည်လိုက်နာကျင့်သုံးခြင်း စသည်တို့ကို “ပါတီဝင်များ၏ကျင့်ဝတ်”အဖြစ် သတ်မှတ်ကာ လေးစားလိုက်နာ စောင့်ထိန်းကျင့်သုံးကြပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီ၏ အလံမှာ အနီရောင် အောက်ခံပေါ်တွင် အဝါရောင်ခွပ်ဒေါင်းနှင့် ကြယ်ဖြူ ၁၄ လုံး ပါရှိပါတယ်။ အလံ၏ အလယ်တွင် အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့် ခွပ်ဒေါင်းပုံနှင့် ခွပ်ဒေါင်း၏အောက်နှင့် အထက်တို့တွင် အရွယ်တူ ကြယ်ဖြူ ၇ လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အနီရောင်အောက်ခံမှာ ရဲစိတ်ရဲမာန် ထက်သန်ခြင်းသဘောကိုဆောင်ပြီး ကြယ်ဖြူတစ်ဆယ့်လေးလုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ အတူတကွစုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်း ဖြစ်ပါတယ်။ အားမာန်အပြည့်ဖြင့် ခုန်ခွပ်တော့မည့် ဟန်ရှိသည့် ခွပ်ဒေါင်းသင်္ကေတမှာ နိုင်ငံတော်နှင့် နိုင်ငံသား၏ အကျိုးစီးပွား အမျိုး ဘာသာ သာသနာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် လုပ်ဆောင်ချက်များကို တွန်းလှန်တိုက်ဖျက်ချေမှုန်းရာတွင် လိုအပ်ပါက အသက်ကိုပင် စတေးမည် ဟူသည့် သဘောအဓိပ္ပာယ်ဆောင်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျာ -

ကျွန်တော်တို့ပါတီဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လည်းကောင်း၊ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် နိုင်ငံသားတိုင်း တန်းတူရည်တူ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လည်းကောင်း၊ နိုင်ငံသားတိုင်း မွေးရာပါ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီလူ့အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိသော လူနေမှုဘဝတစ်ခုကို ခိုင်ခိုင်မာမာထူထောင်နိုင်ရေးအတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေးကို ရှေးရှု၍ အထွေထွေဟန့်တားနှောင့်ယှက်မှုများအား ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းကြား၌ ဂုဏ်သိက္ခာရှိစွာ မိတ်ဝတ်မပျက် ပါဝင်ရပ်တည်နိုင်ရေးအတွက် လည်းကောင်း ၈၈မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီကို ဖွဲ့စည်းတည်ထောင်ခြင်း ပါဝင် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး၊ မြန်မာ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့်အဝရှိသည့် လူနေမှုဘဝဖြစ်စေရေး အလို့ငှာ အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြမည်ဟု အဓိဋ္ဌာန်ပြုပါတယ်။

ကျွန်တော်တို့ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် အသက်(၁၈)နှစ် ပြည့်ပြီးသည့် နိုင်ငံသားများက ပါတီဝင်ခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးထောက်ခံခြင်းနှင့် လူအား ငွေအား အကြံဉာဏ်အားများဖြင့် ပံ့ပိုးပေးနိုင်ပါကြောင်းနှင့် ပါတီ၏ ဆောင်ပုဒ်မှာ “ခွပ်ဒေါင်းအားမာန် မြဲရှင်သန်၊ ရရန်မလွဲ ဒို့အောင်ပွဲ” ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

နိုင်ငံတစ်ဝန်းလုံးမှ မဲဆန္ဒရှင် မိဘပြည်သူအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီနိုင်ငံတည်ထောင်ရေးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ကြပါစေဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၆

**ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ ခင်ဗျား -**

ကျွန်တော်ကတော့ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးအေးလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့အား မင်္ဂလာညချမ်းပါဟု ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကျွန်တော့်အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ပါတီ ဖွဲ့စည်းဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဦးစွာတင်ပြပေးချင်ပါတယ်။

“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်”အမည်ရှိ ဤပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ကျွန်ုပ်တို့ တိုင်းရင်းသားမျိုးနွယ်စု အားလုံးတို့သည် သမိုင်းမတင်မီကာလမှစ၍ ယနေ့ထက်တိုင် ဥမကွဲသိုက်မပျက် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသား အပေါင်းတို့သည် ဤမြေပေါ်၌ပင် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးတို့ကို မိမိတို့၏ “ကိုယ်ပိုင်အမျိုးသားရေးအမြင်”၊ “ကိုယ်ပိုင်အမျိုးသားရေးဝါဒ”တို့ဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြပါတယ်။ ဤပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကာလမှသည် ကိုယ်ပိုင်ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့် “လောကပါလတရားနှင့် အပရိဟာနိယတရား (၇)ပါး” တို့ကို ကောင်းစွာယုံကြည် လိုက်နာကျင့်သုံးခဲ့ကြခြင်းဖြင့် ဒီမိုကရေစီကျင့်စဉ်များ နှင့်လည်း အကျွမ်းတဝင်ရှိခဲ့ကြပြီး ဖြစ်ကြပါတယ်။ ထို့အပြင် လူ့အခွင့်အရေးကို လည်း လေးစားလိုက်နာ တန်ဖိုးထားခဲ့ကြပါတယ်။

သို့ရာတွင် ပြည်ထောင်စုကြီး၏ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းကိုသာ အစဉ်ရှေးရှုလုပ်ဆောင်ခြင်း၊ အပြုသဘောမဆောင်ဘဲ နေရာတကာတိုင်းတွင် “ဆန့်ကျင်ဖီလာစိတ်”ဖြင့် ပြည်ပစွက်ဖက်မှုနှင့် ပိတ်ဆို့မှုတို့ကို လက်ယပ်ခေါ်နေကြတဲ့ “အဆိုးမြင်ဝါဒ” လက်ကိုင်ပြုထားကြသူ ပြည်တွင်း ပြည်ပ လက်ဝဲ/လက်ယာ မြေပေါ်/မြေအောက် “အစွန်းရောက်အဖျက်သမားများ၏ အမျိုးသားရေးနှင့် ပြည်ထောင်စုရေး–သစ္စာဖောက်မှုအသွယ်သွယ်”ကို “ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ် ” အရင်းခံဖြင့် ဆန့်ကျင်ကာကွယ် တားဆီးကြရပေမည်။ တစ်ချိန်တည်းမှာပင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် အားကောင်းပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု နိုင်ငံတော်သစ်ကြီး ဖော်ဆောင်နိုင်ရေး ဦးတည်ချက်အတိုင်း ကျွန်ုပ်တို့ ပြည်ထောင်စု ဖွား မျိုးနွယ်စုအားလုံးက ဆက်လက်ချီတက်ကြရပေမည်။

ဤတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေခြင်းအလို့ငှာ “ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ”က “အမျိုးသားရေး”၊ “ဒီမိုကရေစီရေး”၊ “လူ့အခွင့်အရေး” စံသတ်မှတ်ချက် မူဘောင်အတွင်းမှ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ကို တိုးတက်မှုအမြင့်မားဆုံးအဆင့်သို့ ရောက်ရှိလာစေရေးအတွက် တိုင်းရင်းသား ပြည်သူလူထုကြီးတစ်ရပ်လုံးနှင့်အတူ ညီညွတ်စွာ လက်တွဲကြိုးပမ်း ဆောင်ရွက်သွား ပါမယ်။

ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုတစ်ရပ်လုံးက တန်းတူညီမျှ ငြိမ်းချမ်းစွာ ပါဝင်ခွင့်ရှိပြီး တန်းတူညီမျှ အကျိုးခံစားခွင့်လည်း ရရှိသော ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု နိုင်ငံတော်သစ်ကြီးတစ်ရပ် ပေါ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ဤ “ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY )”ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေး ဘုရားလမ်း၊ ပုလဲကွန်ဒိုမီနီယမ်၊ တိုက်(F)၊ အခန်း(၀၃-၃) တွင် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့၌ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် များ ဦးဆောင်မှုဖြင့် အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးပေါင်းပါဝင်လက်တွဲကာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီသည် ၈၈ မျိုးဆက် ကျောင်းသား လူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)၏ ဦးဆောင်မှု အခြားအမျိုးသား ရေးအင်အားစုများ ပူးပေါင်းဆောင်ရွက်မှုဖြင့် စီပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှု (၂၀၀၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသား လှုပ်ရှားမှု (၂၀၀၇)နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၉) တို့ကို ပြုလုပ်ဖော်ဆောင်ခဲ့ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းကြောင်း ပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ကာ “တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပါဝင် ခွင့်ရှိသည့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍသစ်” တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် နောက်ခံသမိုင်းကြောင်း အခြေခံဖြင့် ပေါ်ပေါက်ဖြစ်တည်လာသော နိုင်ငံရေးပါတီတစ်ရပ်လည်း ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ ခင်ဗျား -**

ကျွန်တော့်အနေဖြင့် ပါတီ၏ မူဝါဒသဘောထားများကို ဆက်လက်တင်ပြပါမယ်။

လွတ်လပ်သည့် အမျိုးသားရေးဝါဒကို ပါတီတွင်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးပါတယ်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီကျင့်စဉ်ကို လွတ်လပ် သည့် အမျိုးသားရေးဝါဒနှင့်အညီ လိုက်နာကျင့်သုံးပါတယ်။

နိုင်ငံသားများ၏ ကျင့်ဝတ်သိက္ခာ၊ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် အကျိုးစီးပွားများကို ဆုတ်ယုတ်ပျက်ပြားစေသော ပြည်တွင်း ပြည်ပ မည်သည့် လုပ်ဆောင်ချက်မျိုးကိုမဆို ဆန့်ကျင်ပါတယ်။

ပါတီ၏ သဘောထားအမြင်များသည် ပါတီဝင်တစ်ရပ်လုံး၏ သဘောထားကို ထင်ဟပ်ပါတယ်။

လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ထွန်းကားရေးကို ဦးတည်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ ခင်ဗျား -**

ပါတီ၏ ဦးစားပေးလုပ်ငန်းစဉ်များကို ကျွန်တော့်အနေဖြင့် ဆက်လက်တင်ပြ ပါမယ်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စု နိုင်ငံတော်ကြီးအဖြစ် အမြန်ဆုံးဖော်ဆောင်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခရပ်စဲရေးနှင့် နိုင်ငံတစ်ဝန်း အစဉ်ထာဝရ ငြိမ်းချမ်းရေး၊ ကမ္ဘာတည်သရွေ့ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ လူမျိုးမပျောက် မပျက်ဘဲ ဆက်လက်ရှင်သန်ရပ်တည်ရေး ဆောင်ရွက်ပါမယ်။

နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သတင်းမီဒီယာများအရေးတို့ကို ကဏ္ဍအလိုက် ခေတ်နှင့်အညီ ဖွံ့ဖြိုး တိုးတက်လာစေရေး၊ နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် အခြေချနေထိုင်ရေး၊ အိမ်ခြံမြေ၊ စိုက်ပျိုးမြေ၊ အခြားလုပ်ငန်းသုံးမြေများ ရရှိရေး၊ လယ်ယာမြေ အခြား နည်းအသုံးပြုခွင့်အတွက် ပွင့်လင်းမြင်သာသည့်ဥပဒေများ ထွန်းကားလာရေး၊ အမှန်တကယ် စိုက်ပျိုးသော စိုက်ပျိုးမြေကေအလိုက် ချေးငွေအပြည့်အဝ ထုတ်ပေး ရေး၊ လယ်ယာသုံးစက်ကိရိယာဝယ်ယူရေး ချေးငွေရရှိရေး၊ နိုင်ငံတစ်ဝန်း အကြား အလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို ကြိုးပမ်းလုပ်ဆောင် သွားပါမယ်။

ပြည်ထောင်စုအဆင့်ရန်ပုံငွေစနစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရန်ပုံငွေ စနစ်၊ အများပြည်သူ၏ဆန္ဒအလျောက် ထည့်ဝင်သည့် ရန်ပုံငွေစနစ်၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သော ရန်ပုံငွေစနစ်ဖော်ဆောင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်နှင့်အညီ ကျင့်သုံး နိုင်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

ဘေးအန္တရာယ်ခံစားနေကြရသည့် နိုင်ငံသားများ၏ အရေးအတွက် ကယ်ဆယ် ရေး၊ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေး ရန်ပုံငွေစနစ်ထားရှိရေး၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့ သည့် ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ပွင့်လင်းမြင်သာမှု ရှိရှိ အသုံးပြုရေး ဆောင်ရွက်သွားပါမယ်။

လူငယ်ကျောင်းသား၊ သက်ကြီးရွယ်အို၊ အမျိုးသမီး၊ မိခင်နှင့် ကလေးသူငယ်၊ မသန်စွမ်းသူများ၊ အချုပ်သားအကျဉ်းသား၊ ပြည်တွင်း ရွှေ့ပြောင်းအလုပ်သမားများ၊ ပြည်ပတွင် အလုပ်အကိုင်ဖြင့် ရောက်ရှိနေသူများ၊ တောင်သူလယ်သမား၊ အလုပ် သမား၊ အသိပညာရှင် အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများ အစရှိသည့် လူတန်းစားအလွှာအသီးသီး၏ လိုအပ်ချက်များကို ပါတီစုံဒီမိုကရေစီစနစ် နှင့် ဈေးကွက်စီးပွားရေးစနစ်တို့နှင့်အညီ ဖြစ်ပေါ်လာသော အခွင့်အလမ်းကောင်းများ ကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ရေး အသေးစိတ်မူဝါဒများ ချမှတ်ဆောင်ရွက်သွား ပါမယ်။

မြို့ပြနှင့် ကျေးလက် ကွာဟမှုမရှိစေဘဲ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေ ရေး၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ရေသွင်းစိုက်ပျိုး မြေဧရိယာတိုးချဲ့သတ်မှတ်ရေး ဆောင်ရွက်သွားပါမယ်။

ကျောင်းသားလူငယ်၊ တောင်သူလယ်သမား၊ အလုပ်သမား၊ နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်းနှင့် အသိပညာရှင် အတတ်ပညာရှင်သမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်ရေးနှင့် ရုံးအဆောက်အအုံမြေနေရာရရှိရေး ဆောင်ရွက် သွားပါမယ်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အတွက် ဥပဒေအစီအမံများ ပြုလုပ်၍ ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ ခင်ဗျား-**

နိုင်ငံတော်၏ စီပွားရေးတစ်ရပ်လုံးကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို လွတ်လပ်စွာ အပြိုင်အဆိုင် လုပ်ကိုင်ခွင့်ရရှိရေးနှင့် အလုပ်လက်မဲ့ပပျောက်ရေး ဆောင်ရွက် ပါမယ်။

အမျိုးဘာသာ သာသနာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုသည့် ဝံသာနု ရက္ခိတတရားများ ပိုမိုထွန်းကားပြန့်ပွားရေး၊ အမျိုးသားစာရိတ္တမဏ္ဍိုင်မြင့်မားရေး၊ အမျိုးသားစာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်မပျက် အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှု၍ အခမဲ့ကျန်းမာရေးစောင့်ရှောက် မှု၊ စရိတ်မျှပေး ကျန်းမာရေးစောင့်ရှောက်မှု၊ ပုဂ္ဂလိကပိုင်၊ အများပိုင်၊ ဖက်စပ်ပိုင်၊ သမဝါယမပိုင်နှင့် အခြားနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ ထူထောင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု အာမခံထားရှိရေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမယ်။

ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးဖြစ်စေမယ့် စာမတတ်သူပပျောက်ရေး၊ မသင်မနေရ အခမဲ့အခြေခံပညာရေးစနစ် ဖော်ဆောင်ရေး၊ အသက်မွေးဝမ်းကျောင်း ပညာရေး၊ စိတ်ကြိုက်ဘာသာရွေးချယ်သင်ကြားနိုင်သော တက္ကသိုလ်ပညာရေး၊ ပညာသင်ထောက်ပံ့ကြေးရန်ပုံငွေစနစ်ထူထောင်ရေး၊ ပညာရပ်ဆိုင်ရာ သုတေသန ရန်ပုံငွေထူထောင်ရေးတို့ကို အထူးဦးစားပေး ဆောင်ရွက်သွားပါမည်။

အမျိုးသားပညာရည်မြင့်မားရေးကိုရှေးရှု၍ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်ပေါ်လာရေး ဆောင်ရွက်ပါမယ်။

လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးအသင်းအဖွဲ့များ လွတ်လပ် စွာ ဖွဲ့စည်းတည်ထောင်ခွင့်တို့ကို အားပေးပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာကို ဘိုးဘွား အမွေအနှစ်အဖြစ် တန်ဖိုးထားထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်။ ဗုဒ္ဓဘာသာ သည် မြန်မာနိုင်ငံ၏ အများစု ကိုးကွယ် ယုံကြည်သော ဝိသေသလက္ခဏာရှိသည့် ဘာသာတရားဖြစ်သည်ဟု အလေး အနက်တန်ဖိုးထား အသိအမှတ်ပြုပါ တယ်။



**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ ခင်ဗျား -**

တိုင်းရင်းသားဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုး တိုးတက်စေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစား ရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက် ဖြစ်ထွန်းစေရန် ဆောင်ရွက်ပါမယ်။

တိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေသေးသည့် အရပ်ဒေသများရှိ တိုင်းရင်းသား များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အသိအမှတ်ပြုပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ ခင်ဗျား-**

နိုင်ငံတော်၏ အဓိကမဏ္ဍိုင်ကြီး(၃)ခုဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ယန္တရားအဆင့်ဆင့်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အများပြည်သူတို့၏ မွေးရာပါလူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လွတ်လပ်ခွင့် များ၊ ရပိုင်ခွင့်များနှင့် ခံစားခွင့်များကို တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

တရားစီရင်ရေးစနစ် မူဘောင်အတွင်းမှ နိုင်ငံသားတိုင်း မည်သူမဆို တရားစွဲဆို ပိုင်ခွင့်၊ အမှုကျေအေးပိုင်ခွင့်၊ ထုချေပိုင်ခွင့်၊ အယူခံပိုင်ခွင့်တို့နှင့်ပတ်သက်၍ ဥပဒေ နှင့်အညီ တရားစီရင်ခွင့်ကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရရှိနိုင်စေရန် ကာကွယ် စောင့်ရှောက်ပါမယ်။

နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူနှင့် လွတ်လပ်၍တက်ကြွ ပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒတို့ကို လက်ခံကျင့်သုံးမယ်။ ကမ္ဘာ့ငြိမ်းချမ်း ရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေး၊ မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံကိုမျှ စစ်ရေးအရ စတင်တိုက်ခိုက်ခြင်းမပြုရေးနှင့် နိုင်ငံအတွင်းတွင် မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြုရေးတို့ကို ရပ်တည်ဆောင်ရွက်သွား ပါမယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ ခင်ဗျား -**

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP) ပါတီ၏ အလံနှင့် ပါတီသင်္ကေတတံဆိပ်တို့နှင့် ပတ်သက်၍ ဆက်လက်တင်ပြပါမယ်။

အောက်ခံအရောင်အနီ၊ အလယ်တွင် အဖြူရောင်အောက်ခံ အဝိုင်းအတွင်း အစိမ်းရောင်ကဒေါင်းနှင့် ကဒေါင်း၏ အောက်နှင့် အထက်တို့တွင် အရွယ်တူ ကြယ်ဖြူ (၇)လုံးစီကို အတန်းလိုက် ဖော်ကျူးထားပါတယ်။ အဲဒီအလံကို ပါတီ အထိမ်းအမှတ်အလံအဖြစ် သတ်မှတ်ပါတယ်။

အနီရောင်သင်္ကေတသည် ရဲစိတ်ရဲမာန် ထက်သန်စေခြင်းသဘောကို ဆောင် သည်။ အလယ်ရှိ အဖြူရောင်နောက်ခံစက်ဝိုင်းသည် ဖြူစင်ခြင်းသဘောကို ဆောင် သည်။ အရွယ်တူကြယ်ဖြူ (၁၄)လုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ အတူတကွ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်းဖြစ်သည်။ အစိမ်းရောင်ကဒေါင်းသည် တိုင်းရင်းသားအားလုံး၏ စုပေါင်းအမည်နာမဖြစ်သည့် မြန်မာကို ကိုယ်စားပြုပြီး၊ အမျိုးဘာသာသာသနာ ပညာထွန်းလင်းကာ စပါး ဆန်ရေ ရတနာရွှေငွေဥစ္စာပစ္စည်း အထွေထွေပေါကြွယ်ဝခြင်းသဘောကို ဆောင် သည်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP) ပါတီ၏ ဆောင်ပုဒ်ကတော့

**“ကောင်းကျိုးအထွေထွေရယ်နဲ့ ချွန်စေမြစေစော ဒေါင်းအိုးဝေရယ်နဲ့ တွန်စေကစေ သောဝ်..”**

ရွေးကောက်ပွဲမှာ အသုံးပြုမည့် ပါတီဆောင်ပုဒ်ကတော့

**“လူမှန် မူမှန် နေရာမှန် ပြောင်းလဲခြင်းအမှန်ဖြစ်ဖို့ ‘က’ ဒေါင်းပါတီကို မဲပေးစို့ ”** ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား -**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ရဲ့ လူဦးရေ (၇၀%) ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီးတော့ လယ်ယာလုပ်ငန်းနှင့် အသက်မွေးကြပါတယ်။ လယ်ယာလုပ်ငန်းများ ခေတ်မီရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ယန္တရားများကို အသုံးပြုပြီး ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းနိုင်ရေး၊ လယ်ယာလုပ်ငန်းသုံးရင်းနှီးငွေနှင့် သွင်းအားစုများ ပြည့်ပြည့်ဝဝ ဖူဖူလုံလုံ ဖြည့်ဆည်းပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် သီးနှံဈေးနှုန်းများ တည်ငြိမ်မျှတရေး ထိန်းညှိဆောင်ရွက်ပေးခြင်း၊ လယ်ယာထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် စီမံပေးခြင်းတို့ကို ပြုလုပ် ခြင်းအားဖြင့် လယ်ယာစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံသား အများစု၏ လူနေမှုဘဝဟာလည်း ပိုမိုမြင့်မားတိုးတက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအကျိုးစီးပွားကို အားပေးမြှင့်တင်ကာကွယ်ပေးသည့် ဥပဒေများ လက်တွေ့ကျကျ ရှင်သန်အသက်ဝင်လာရေး၊ လယ်ယာမြေပြဿနာ များ ဥပဒေနှင့်အညီ မြန်မြန်ဆန်ဆန် ဖြေရှင်းပေးရေးတို့ဟာ နောင်တက်လာမည့် ရွေးကောက်ခံလွှတ်တော်နှင့် ရွေးကောက်ခံအစိုးရအတွက် အရေးကြီးတဲ့ တောင်းဆို ချက်တစ်ခုဖြစ်လာပါတယ်။ အဲဒီတောင်းဆိုချက်အရ လွှတ်တော်ထဲကို ရောက်ဖို့ အတွက် ကဒေါင်းတံဆိပ်နဲ့ ယှဉ်ပြိုင်အရွေးခံတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (UMFNP) ပါတီကို မဲဆန္ဒရှင် မိဘပြည်သူ အပေါင်းက မဲပေးထောက်ခံကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်လိုက်ပါ တယ်။

“မဲဆန္ဒရှင် မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။”

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ဘုတ်ပြင်းမြို့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ တက်ရောက်အားပေးပြီး ခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်



**ဘုတ်ပြင်း နိုဝင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးဝင်းနောင်နှင့် ဘုတ်ပြင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းကိုတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေးလှုပ်ရှားမှု မှတ်တမ်းများ၊ လုပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ စာအုပ်ပြပွဲနှင့် စာအုပ်စာစောင်များ ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်း ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကာယ/ဉာဏ စွမ်းရည်ပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ ၁၂၀၀ ကျော်ပါဝင်နွှဲပျော်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ကြသည်။

ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဉာဏစွမ်းရည်ပြိုင်ပွဲအနေဖြင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပပြီး ကာယစွမ်းရည်ပြိုင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မြန်မာသဒ္ဒါသတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စာလုံးဆက်ကစားနည်း၊ ခါးကွင်းလှည့်ကစားနည်း၊ အိတ်စွပ်ပြေးကစားနည်း၊ အာလူးကောက်ကစားနည်း၊ ခွက်နင်းကစားနည်းများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ နွှဲပျော်ယှဉ်ပြိုင်ကြသည်။

ဆက်လက်ပြီး ကျောင်းဝင်းအတွင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် အလျားပေ ၁၀၀၊ အနံပေ ၄၀ RRC တစ်ထပ် နဝရတ်ခန်းမအသစ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခန်းမအသစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် နဝရတ်ခန်းမအသစ်ကို ပညာရေးဌာနသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးပညာရေးမှူး ဦးဝင်းနောင်က လက်ခံရယူပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယခင်နဝရတ်ခန်းမအဟောင်းသည် အလျားပေ ၇၀၊ အနံ ၄၅ ပေ သစ်သားတိုင် အုတ်ညှပ်သွပ်မိုးအဆောင်ဖြစ်ကာ နှစ်ကာလကြာလာသည်နှင့် လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်ကြောင့် ဆက်လက်အသုံးပြုရန် မသင့်တော်သောကြောင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ပုံငွေဖြင့် ကျပ်သိန်း ၂၂၄၀ ဖြင့် ယခုကဲ့သို့ နဝရတ်ခန်းမအသစ် အလျားပေ ၁၀၀၊ အနံပေ ၄၀ RRC တစ်ထပ်အမျိုးအစားကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကရင်ပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်

**ဘားအံ နိုဝင်ဘာ ၁၆**

ကရင်ပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ The Grace Hotel ၌ ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်က အခြေခံအဆောက်အအုံများ၊ စက်ရုံများ၊ အိမ်ရာများ တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရန် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်သူများ၊



ရောင်းဝယ်သူများအချင်းချင်း ရိုင်းပင်းကူညီပြီး ဆောက်လုပ်ရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်သွားကြစေလိုပြီး ဒေသဖွံ့ဖြိုးရေးကဏ္ဍနှင့် ပြည်သူများအတွက်လုံခြုံစိတ်ချပြီး ရေရှည်တည်တံ့ခိုင်မြဲသော အဆောက်အအုံများအား စနစ်တကျတည်ဆောက်လာနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းရုံးချုပ်၏ ဒုဥက္ကဋ္ဌ၊ ဖွဲ့စည်းပုံနှင့် စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဉာဏ်သစ်လိုင်က အမှာစကားပြောကြားပြီး ဦးစောလင်းဘိုဘိုက ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့်စာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ကရင်ပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်နိုင်ရေး ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က ကော်မရှင်အဖွဲ့အဖြစ် ဆောင်ရွက်ပြီး ဆန္ဒမဲပေးသည့်စနစ်ဖြင့် အလုပ်အမှုဆောင်များကို ရွေးချယ်တင်မြှောက်အတည်ပြုခဲ့ကြကာ ရွေးချယ်ခံခဲ့ရသော ကရင်ပြည်နယ်အသင်းဥက္ကဋ္ဌက အမှာစကားပြောကြား၍ CEC များက တစ်ဦးချင်းမိတ်ဆက်စကား ပြောကြားခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



# တိုက်ကြီးမြို့နယ်ရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေး

**တိုက်ကြီး နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း လိုအပ်ချက်မရှိစေရေးနှင့် ပြည့်စုံစေရေး ရည်ရွယ်၍ တိုက်ကြီးမြို့ပေါ်(၈)ရပ်ကွက်ရှိ ပြည်သူများအား ပန်းခင်းစီမံချက်(၃)အရ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများအား One Stop Service (OSS) စနစ်ဖြင့် ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ခြင်းလုပ်ငန်းများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်အောင်၊ မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေ၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့်အဖွဲ့က ကြည့်ရှုအားပေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ၊ မြို့နယ်ငါးဦးကော်မတီဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ ပူးပေါင်း၍ မြို့ပေါ်(၈)ရပ်ကွက်တွင် နေထိုင်သူပြည်သူ ၁၀၀ ခန့်အား နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး/ပျက်စီးသူများကို နိုင်ငံသားစိစစ်ရေးကတ် မိတ္တူထုတ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားကိုင်ဆောင်လက်မှတ် မရှိသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို One Stop Service (OSS) စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ငပုတောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ KG တန်း ကလေးငယ်များအား ကျောင်းတွင်းအာဟာရ ကျွေးမွေး

**ငပုတော နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မြို့အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများမှ KG တန်း ကလေးငယ်များအား အာဟာရဖွံ့ဖြိုးပြီး ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေရန် ရည်ရွယ်ကာ ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို နိုဝင်ဘာ ၁၄ ရက်က ငပုတောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက KG တန်းကလေးငယ်များအား အာဟာရတိုက်ကျွေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ပူးပေါင်းကာ KG တန်းကလေးငယ်များအား ကျန်းမာရေးနှင့်ညီညွတ်သော



နေ့လယ်စာများကို စနစ်တကျ ကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တရားမဝင်လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ သွေးဆောင်ဖြားယောင်း ခိုးယူမှုများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ အသိပညာပေး



**မအူပင် နိုဝင်ဘာ ၁၆**

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မအူပင်)၌ ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် တရားမဝင်လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ သွေးဆောင်ဖြားယောင်း ခိုးယူမှုများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး မအူပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ခင်မောင်ညွှန့်နှင့် မအူပင်မြို့နယ် ဥပဒေအရာရှိ ဒေါ်ကျော့ကေခိုင်တို့က တရားမဝင်လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ သွေးဆောင်ဖြားယောင်းခိုးယူမှုများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်းက သင်တန်းကျောင်းသို့ ဆန်၊ ဆီ၊ ကြက်သွန်၊ ကြက်ဥ/ဘဲဥနှင့် စာရေးကိရိယာများ ပံ့ပိုးပေးအပ်ပြီး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးသည်။ ယင်းနောက် ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့သည် ပြသထားသည့် နံရံကပ်ပိုစတာများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့သည် အမှတ်(၃) ရပ်ကွက်ရှိ သုစိဏ္ဏ သာသနရိပ်သာ သီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်တိရဏာညာဏီနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၄၄ ပါးထံ သီလရှင်ဝတ်စုံ ၂၀၊ ဆွမ်းဆန်တော် ငါးအိတ်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## လသာမြို့နယ်၌ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ဗိုလ်ရွဲလမ်းရှိ အထက(၁)စာသင်ကျောင်းခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးအောင်လှက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းများအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လသာမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ဖတ်ကြားတင်ပြပြီး အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်များကိုရယူကာ အသင်းဝင်အသင်းသားများ၏ အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်းနှင့်အလက(၂)ကျောင်းအား ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကားကြီးဝင်းအတွင်း မီးငြိမ်းသတ်ရေးလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၆ ရက်က အောင်လံမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျာသက်ခိုင်နှင့်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)





ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ နိုဝင်ဘာ ၁၆ ရက်က မြို့နယ်အတွင်းရှိ ကာရာအိုကေဆိုင်များ၏ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းချို၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊မြို့နယ်အခွန်ဦးစီးမှူး ဦးအောင်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များ ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



## ဇေယျာသီရိမြို့နယ် မယင်းကြီးကျေးရွာ၌ မိုးစပါးရိတ်သိမ်း

**နေပြည်တော် နိုဝင်ဘာ ၁၆**

နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ထောက်ပံ့ငွေ(သက်တန့်ရောင်စီမံကိန်း)ဖြင့် မျိုး၊ သွင်းအားစုများ ပံ့ပိုးရယူဆောင်ရွက်ခဲ့သည့် ဇေယျာသီရိမြို့နယ် မယင်းကြီးကျေးရွာရှိမယင်းကြီးစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း(လီမိတက်) အသင်းသားတောင်သူများ၏ ဗျော့သုခ၊ ဆင်းသုခ မိုးစပါးစိုက်ကေရိတ်သိမ်းမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ကွင်းဆင်းကြည့်ရှုရာတွင် ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့် အသင်းသားတောင်သူများ မိုးစပါးများရောင်းချရာတွင် ဈေးကောင်းရရှိစေရေး၊ နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေဖြင့် ပံ့ပိုးရယူဆောင်ရွက်ခဲ့သည့် သွင်းအားစုတန်ဖိုးငွေများ သတ်မှတ်ကာလအတွင်း ပြန်လည်ပေးသွင်းနိုင်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် သီးနှံများဆက်လက်စိုက်ပျိုးနိုင်စေရေးအတွက် သမဝါယမကဏ္ဍမှ လိုအပ်သည့် မျိုး၊ သွင်းအားစုများကို စဉ်ဆက်မပြတ်ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်၍ အသင်းရှိ အသင်းသားတောင်သူများက ယခုဆောင်းရာသီတွင် စိုက်ပျိုးမည့်သီးနှံအလိုက် သွင်းအားစုလိုအပ်ချက်များကို ပြုစုတင်ပြသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



## နောင်တရားမြို့၌ ယာစပါး စံကွက်ရိတ်သိမ်း

**နောင်တရား နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ မြို့စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ တီကျစ်ကျေးရွာ တောင်သူဒေါ်သိန်းရီ၏ လယ်ယာမြေတွင် စိုက်ပျိုးထားသည့် ရွှေရင်အေးစပါး စံကွက်ရိတ်သိမ်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

တီကျစ်ကျေးရွာအုပ်စု တီကျစ်ကျေးရွာ ကွင်းအမှတ်(၁၆) ဦးပိုင်အမှတ်(၅၆) တောင်သူဒေါ်သိန်းရီ၏ လယ်ယာမြေတွင် နောင်တရားမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ယာစပါးပန်းတိုင်အထွက်နှုန်း မြင့်မားရေးတောင်သူနည်းပညာပေးစံပြစိုက်ကွက် စိုက်ပျိုးခဲ့သည်။ အဆိုပါ စံပြစိုက်ကွက်အတွင်း စံကွက်ရိတ်သိမ်းရာ၌ စပါးအဆိုတင်း ၁၄၀ ထွက်ရှိပြီး အခြောက်တင်း ၁၂၀ ရရှိသည်။ အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးကျော်စိုးသူနှင့် မြေစာရင်းဦးစီးဌာနမှ မြို့ဦးစီးမှူး ဦးအောင်ဝင်းတို့က ကြီးကြပ်၍ စိုက်ပျိုးရေးဝန်ထမ်းများက ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## သဲကုန်းမြို့နယ် ကြို့ရပ်သာကျေးရွာ၌ မွေးမေ့နို့ရည်ဘဏ်တိုက် စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**သဲကုန်း နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ဘုန်းတော်ကြီး ဦးစီးပဓာနနာယက "နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီး ဘဒ္ဒန္တဝါယာမ ဦးစီးတည်ထောင်အပ်သော "မွေးမေ့နို့ရည်ဘဏ်တိုက်" စာကြည့်တိုက်ဖွင့်ပွဲကို ယမန်နေ့က ဆင်မြီးဆွဲမြို့ ကြို့ရပ်သာကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဆရာတော်ဘဒ္ဒန္တဝါယာမက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မိန့်ကြားတော်မူသည်။ ထို့နောက် ဆင်မြီးဆွဲမြို့ အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ စာရေးဆရာမ ဒေါ်ခင်နှင်းဆီရွှေ ( နန်းမုံဝေ )နှင့် တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း တိုင်းအလုပ်အမှုဆောင် စာရေးဆရာစိုးဇော်လှိုင် (ဆင်မြီးဆွဲ) တို့က ဝမ်းမြောက်စကားပြောကြားသည်။



မွေးမေ့နို့ရည်ဘဏ်တိုက် စာကြည့်တိုက်ကို ဆရာတော်ဘဒ္ဒန္တဝါယာမနှင့် ဆရာတော်သံဃာတော်များက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**



## ဒလမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ဒလ နိုဝင်ဘာ ၁၆**

ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား လူငယ်စကားဝိုင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၂ ရက်က အထက ရခိုင်ချောင်ကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရွှေလှိုင်က အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး လူငယ်နှင့်အာဃာတခေါင်းစဉ်ဖြင့် Grade-11 မှ မလင်းလက်နေခြည်က လည်းကောင်း၊ လူငယ်နှင့်အနာဂတ် ခေါင်းစဉ်ဖြင့် Grade-10 မှ မောင်အာကာလွင်ဦးက လည်းကောင်း၊ လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် Grade-11 မှ မယွန်းရွှေရည်ဦးက လည်းကောင်း၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်ဖြင့် Grade-10 မှ မပန်းဝတ်လွှာနှင့် လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် Grade-10 မှ မောင်ညီလင်းထက်တို့က ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။ ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

**ရဲရင့်သူ(ပြန်/ဆက်)**

## အသက် ၇၃ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့၌ စံပြ(ဂ)ရပ်ကွက် ဥက္ကာလမ်းမိသားစု၏ (၄၉) ကြိမ်မြောက် ရွှေရတုအကြို အသက် ၇၃ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကိုယမန်နေ့က အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**



ဦးစွာ သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ (၄၉)ကြိမ်မြောက် ရွှေရတုအကြို သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးသန်းဦးက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားပြီး စာရင်းစစ် အဖွဲ့ခေါင်းဆောင်ဦးလှမျိုးက စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်ပြခဲ့သည်။ ထို့နောက် (၄၉)ကြိမ်မြောက် ရွှေရတုအကြို သက်ကြီးပူဇော်ပွဲတွင် ဥက္ကာ ၅ လမ်းနေ အသက်အကြီးဆုံး အဘွား ဒေါ်ကြည်လေး အသက် ၁၁၀ နှစ်အား အလှူရှင် ဦးဝင်းထိုက်နှင့် ဒေါ်နွယ်နီဝင်း မိသားစုက သီးသန့်လှူဒါန်းငွေကျပ် ၁၁ သိန်းအား ပေးအပ်လှူဒါန်းသည်။

ထိုသို့ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ရာတွင် ဥက္ကာလမ်းမိသားစု၏ အသက် ၇၃ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၀ စုစုပေါင်း အဘိုး အဘွား ၁၉၃ ဦးအတွက် လှူဒါန်းငွေကျပ် ၁၀၆၁၅၀၀၀ နှင့် ငွေပဒေသာပင် တန်ဖိုးငွေကျပ် ၅၅၇၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၁၈၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



စလင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းဗိုလ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၅ ရက်က မကျီးပင်ပုကျေးရွာအုပ်စု ကူတိုကျေးရွာရှိ မြရောစက်သုံးဆီအရောင်းဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပြီး မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားမှု ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးစဉ်။

မောင်လွင်(စလင်း)

## ချောင်းဆုံမြို့နယ် (အထက-ချောင်းဆုံ)ကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ချောင်းဆုံ နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အတွင်းရှိကျောင်းသားလူငယ်များ ဗလငါးတန်နှင့် ပြည့်စုံ၍ ဘက်စုံထူးချွန်သူများ ပေါ်ထွန်းလာစေရန်နှင့် စာပေဖတ်ရှု လေ့လာခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို သိရှိစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ နိုဝင်ဘာ ၁၃ရက်က ချောင်းဆုံအခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုသီတာက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် မြို့နယ်အားကစားမှူး ဒေါ်သက်ငုံဖူးတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ပါဝင်ဆွေးနွေးသူ (Grade-8) ကျောင်းသူ မချူးသက်စံက ကြိုတင်ပြင်ဆင် အောင်ပွဲဝင်၊ (Grade-8) ကျောင်းသား မောင်ခွဲထက်နောင်က မိတ်ဆွေကောင်း၊ (Grade-8) ကျောင်းသူ မဖူးဖူးအောင်က ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအတွက် ဓာတ်စာနှင့် (Grade-8) ကျောင်းသား မောင်ဘုန်းမြတ်မင်းက ကျန်းမာရေးနှင့် လေ့ကျင့်ခန်း စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။



**ကိုကျော်(ချောင်းဆုံ)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန်အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ပြည်နယ်အတွင်းမှာ မူလလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေသာမက ပြည်နယ်ပြင်ပက အခြားသော လုပ်ငန်းဆောင်ရွက်လိုတဲ့ လုပ်ငန်းရှင်တွေကိုလည်း ဖိတ်ခေါ်ပါတယ်

## ဦးစိန်ဦး (စီးပွားရေးရာဝန်ကြီး)

**ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက ကြီးမှူးကျင်းပသည့် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများဆွေးနွေးပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ နိုဝင်ဘာ ၁၂ ရက်က ကျင်းပခဲ့ရာ ဆွေးနွေးပွဲတက်ရောက်လာသူများ၏ ရင်ဖွင့်စကားသံများကို ဖော်ပြလိုက်ပါသည်-**



ဦးစိန်ဦး (စီးပွားရေးရာဝန်ကြီး)



ဦးစိုင်းတင်အောင်သိန်း



ဒေါ်မေကြည်ခိုင်



ဦးသန်းလှိုင်



ဦးတေဇာမင်း



ခွန်တီးလှ

**ဦးစိန်ဦး (စီးပွားရေးရာဝန်ကြီး)**

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးအခွင့်အလမ်းများ ဆွေးနွေးပွဲ အခမ်းအနား ကျင်းပနိုင်ခဲ့တဲ့အတွက် ကယားပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ဖို့နဲ့ ဒီလိုရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်တဲ့အတွက် ရရှိလာနိုင်တဲ့ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေကို ဒီဆွေးနွေးပွဲကနေ ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်အနေနဲ့ ကယားပြည်နယ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် စိတ်အားထက်သန်စွာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ကယားပြည်နယ်မှာ မူလဆောင်ရွက်ခဲ့တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုလုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သလို လုပ်ငန်းအသစ်တွေမှာ ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက်လည်း ပြည်နယ်ဝန်ကြီးချုပ်အနေနဲ့ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါတယ်။ ကယားပြည်နယ်မှာ ၂၄ နာရီ လျှပ်စစ်မီးရရှိတဲ့ ပြည်နယ်ဖြစ်တဲ့အတွက် စက်မှုလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံဆောင်ရွက်မယ်ဆိုရင် အင်မတန်အဆင်ပြေပါတယ်။ ကယားပြည်နယ်ရဲ့ ရာသီဥတုဟာ မျှတတဲ့ ရာသီဥတုဖြစ်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်ရင် ဖြစ်ထွန်းအောင်မြင်သလို မွေးမြူရေးလုပ်ငန်းများအတွက်လည်း အဆင်ပြေပါတယ်။ သာယာလှပတဲ့ ပြည်နယ်တစ်ခုဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုဇုန်မှာလည်း လုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်နေပါပြီ။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်ပြီး စက်မှုဇုန်လမ်းများကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေးများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် စက်မှုဇုန်မှာ လာရောက်ရင်းနှီးမြှုပ်နှံလိုတဲ့ လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်လိုပါတယ်။ အဓိကအချက်ကတော့ ဒီနေ့ဆွေးနွေးပွဲ ပြီးမြောက်တဲ့အခါ ပြည်နယ်အတွင်းမှာ မူလလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေသာမက ပြည်နယ်ပြင်ပက အခြားသော လုပ်ငန်းဆောင်ရွက်လိုတဲ့ လုပ်ငန်းရှင်တွေကိုလည်း ကယားပြည်နယ်မှာ လာရောက်ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးအခွင့်အလမ်းများ တိုးတက်ဖို့နဲ့ ကယားပြည်နယ်တိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်သွားကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစိုင်းတင်အောင်သိန်း (ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန)**

ယနေ့ဆွေးနွေးပွဲကိုတော့ ရည်ရွယ်ချက် သုံးချက်နဲ့ ကျင်းပပြုလုပ်တာဖြစ်ပါတယ်။ ပထမအချက်ကတော့ လက်ရှိပြည်နယ်မှာ ဘယ်လုပ်ငန်းတွေ လိုအပ်နေတယ်။ ဘယ်လုပ်ငန်းတွေကိုတော့ ဆောင်ရွက်လို့ရနိုင်တယ်၊ ဘယ်လုပ်ငန်းတွေကတော့ ပြည်နယ်ရဲ့ ဦးစားပေး မြှင့်တင်မယ့် လုပ်ငန်းတွေဖြစ်တယ်ဆိုတာကို လုပ်ငန်းရှင်တွေ သိရှိနိုင်စေဖို့ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ဒီလုပ်ငန်းတွေကို လုပ်ကိုင်ကြတဲ့အခါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရရှိမယ့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်တွေအပါအဝင် အခြားသော အခွင့်အလမ်းတွေ၊ ဥပဒေဆိုင်ရာ အကာအကွယ်ပေးမှုတွေကိုလည်း သိရှိနိုင်စေဖို့ဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်မှာ လာရောက်ရင်းနှီးမြှုပ်နှံမယ့် လုပ်ငန်းရှင်တွေကို ကူညီဆောင်ရွက်ပေးမယ့် အချက်တွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေဖို့ဖြစ်ပါတယ်။

ပြည်နယ်က ဦးစားပေးဖိတ်ခေါ်နေတဲ့ လုပ်ငန်းကဏ္ဍ လေးခုရှိပါတယ်။ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုထုတ်လုပ်မှုကဏ္ဍနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍတို့ ဖြစ်ပါတယ်။ ဒီကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မယ်ဆိုရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရရှိမယ့် အခွန်အကောက်ကင်းလွတ်ခွင့်၊ သက်သာခွင့်များအပြင် လုပ်ငန်းစတင်နိုင်ဖို့ ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ မြေနေရာရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေးနှင့် သက်ဆိုင်ရာဌာနများရဲ့ ခွင့်ပြုချက်များ မြန်ဆန်စွာရရှိနိုင်အောင် ကူညီပံ့ပိုးဆောင်ရွက်ပေးလျက် ရှိတာကြောင့် စိတ်ပါဝင်စားတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ အသေးစိတ် သိရှိလိုတာများရှိရင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကယားပြည်နယ် ဦးစီးမှူးရုံးကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းစကားပါးချင်ပါတယ်။

**ဒေါ်မေကြည်ခိုင် (ပြည်နယ်ဦးစီးမှူး၊ စက်မှုကြီးကြပ်ရေးဦးစီးဌာန)**

ကယားပြည်နယ်အတွင်းမှာ စီးပွားရေးလုပ်ကိုင်မယ့် ရင်းနှီးမြှုပ်နှံသူတွေကို အကြံပြုလိုတာက စိုက်ပျိုးရေးနဲ့ မွေးမြူရေး အခြေခံထုတ်ကုန်များ လုပ်ကိုင်သင့်ပါတယ်။ ဘယ်လိုလုပ်ငန်းတွေ လုပ်ကိုင်လို့ရမလဲဆိုရင် ဥပမာ- တိရစ္ဆာန်အစာစပ်စက်ရုံတွေ၊ သီးနှံအခြောက်ခံစက်ရုံ၊ ဖျော်ရည်စက်ရုံ ဒါမျိုးတွေ လုပ်ကိုင်သင့်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ မိမိလုပ်ငန်းအတွက် အသုံးပြုဖို့ လိုအပ်တဲ့ မြေ၊ ရေ၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစတာတွေ၊ အခွန်ကင်းလွတ်ခွင့်နဲ့ သက်သာခွင့်တွေ၊ ပုံသေငွေရင်းနဲ့ လည့်ပတ်ငွေရင်းအတွက် ချေးငွေတွေ၊ မိမိလုပ်ငန်းအတွက် လိုအပ်တဲ့ ပြည်တွင်းပြည်ပ ကုန်ကြမ်း၊ စက်နှင့်စက်အရန် ပစ္စည်းတွေ၊ ကုန်ပစ္စည်း ပိုမိုထုတ်လုပ်ရေးနဲ့ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပိုမိုကောင်းမွန်ရေးအတွက် ပြည်တွင်းပြည်ပ နည်းပညာများ ရရှိနိုင်ပါတယ်။

စက်မှုကြီးကြပ်ရေး ဌာနအနေနဲ့ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အဓိက ကဏ္ဍသုံးခုဖြစ်တဲ့ နည်းပညာ၊ မတည်ရင်းနှီးငွေနဲ့ ဈေးကွက်တို့ကို ထောက်ပံ့ပေးလျက်ရှိပါတယ်။ လုပ်ငန်းများအတွက် လိုအပ်တဲ့ နည်းပညာများကို သက်ဆိုင်ရာဌာနများနဲ့ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဓိကအနေနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနဲ့ လုပ်ငန်းရှင်တို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

မတည်ရင်းနှီးငွေအနေနဲ့ ချေးငွေအမျိုးအစားဖြစ်တဲ့ MSME ချေးငွေ၊ JICA Two Step Loan၊ CGI ချေးငွေ၊ ဆီစက်ချေးငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတွေရှိပြီး အဆင်ပြေတဲ့ ချေးငွေကို လျှောက်ထားနိုင်ပါတယ်။ ဈေးကွက်အနေနဲ့ကတော့ စက်မှုဝန်ကြီးဌာနက ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားတဲ့ MSME Product Show မှာ ရောင်းချလို့ရပါကြောင်းနဲ့ www.emartmmp.gov.mm မှာလည်း ဝင်ရောက်ရောင်းချပြီး ဈေးကွက်ရရှိနိုင်ပါတယ်။

**ဦးသန်းလှိုင် (ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)**

စိုက်ပျိုးရေး ထွက်ကုန်များရဲ့ ဈေးကွက်ရရှိနိုင်မှု အခွင့်အလမ်းတွေအနေနဲ့ကတော့ ရွှေရင်အေး၊ ဆန်မွှေးစပါး အိမ်နီးချင်းနိုင်ငံများကို တင်ပို့နိုင်မယ်။ အစေ့ထုတ်ပြောင်း အရည်အသွေးကောင်းပြီး အိမ်နီးချင်းနိုင်ငံများကို တင်ပို့နိုင်မယ်။ နှမ်းနက်သီးနှံကို ဓာတုမြေဩဇာ၊ ဓာတုဆေး လုံးဝမသုံးဘဲ သဘာဝအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ဂျပန်နိုင်ငံကို တင်ပို့နိုင်မှာပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ Agro-based Industries ဖွံ့ဖြိုးတိုးတက်လာဖို့ ဘက်ပေါင်းစုံကနေ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေသလို ကယားပြည်နယ်မှာလည်း Agro-based Industries နဲ့ပတ်သက်ပြီး အစေ့ထုတ်ပြောင်းကုန်ကြမ်း အများအပြား ထုတ်လုပ်နိုင်ခြင်း၊ တိရစ္ဆာန် အစာစပ်စက်ရုံများ ထူထောင်နိုင်ခြင်း၊ အစေ့ထုတ်ပြောင်းကုန်ချောအဆင့်သို့ အဆင့်မြှင့်တင်နိုင်ခြင်း၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းအောင် နည်းပညာပေးခြင်း၊ အရင်းအနှီးများ ရရှိလာအောင် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ရရှိအောင် ကူညီဆောင်ရွက်ပေးခြင်း စတာတွေကို ဆောင်ရွက်ပေးနေပါတယ်။

စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်နိုင်ရေးနဲ့ ယခုထက် ဈေးကွက်ပိုမိုရရှိရေးအတွက် တောင်သူတွေ ဒါမှမဟုတ် လုပ်ငန်းရှင်တွေအနေနဲ့ ခေတ်နဲ့အညီ လိုက်ပါဆောင်ရွက်နိုင်ဖို့ လယ်ယာကဏ္ဍမှာ စက်စွမ်းအားနဲ့ အပြည့်အဝအသုံးချစေခြင်း၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ အချိတ်အဆက်မိအောင်ဆောင်ရွက်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုး နည်းစနစ်များ လိုက်နာကျင့်သုံးစေခြင်း၊ စိုက်ပျိုးထွက်ကုန် (Agro-based Industries) စက်မှုလက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာစေခြင်း၊ အရင်းအနှီးများရရှိအောင် ဆက်ချိတ်ကူညီပေးခြင်းတို့ကို စိုက်ပျိုးရေးဌာနအနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဦးတေဇာမင်း (ပြည်နယ်တာဝန်ခံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**

လွိုင်ကော်မြို့အတွင်း လတ်တလော သွားရောက်လည်ပတ်နိုင်တဲ့ ခရီးစဉ်များကတော့ နောင်ယားကန်သာ၊ ထေးငှား လျားကန်သာ၊ မင်းကျောင်းကန်သာနဲ့ ရှုခင်းသာပန်းခြံတွေဖြစ်ပြီး ဘုရားစေတီပုထိုးတွေအနေနဲ့ မြို့နာမ်စေတီတော်၊ သီရိမင်္ဂလာ တောင်ကွဲစေတီ၊ သစ်တစ်ပင်တောင်၊ ရွှေလက်ဝါးတောင်နဲ့ သီရိမင်္ဂလာ ပုံကျောင်း (ပော်နန်း) စတာတွေပဲ ဖြစ်ပါတယ်။

ကယားပြည်နယ်မှာ သက်တမ်းကုန်ဆုံးတဲ့ လိုင်စင်များနဲ့ သက်တမ်းလွန်တဲ့ လိုင်စင်တွေကို သက်တမ်းတိုးဆောင်ရွက်ဖို့ အချက်အလက်တွေ ပြည့်စုံပါက ဌာနအနေနဲ့ လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အဆောက်အအုံပြင်ဆင်ခြင်းနဲ့ လုပ်ငန်းများ စတင်လုပ်ကိုင်ရာမှာ လိုအပ်တဲ့ ကိစ္စရပ်များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပြည်နယ်အစိုးရက ပံ့ပိုးကူညီဆောင်ရွက်ပေးတဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများရရှိရေးအတွက် လုပ်ငန်းရှင်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းတွေနဲ့ ပတ်သက်လို့ကတော့ လွိုင်ကော်မြို့ရဲ့ အချက်အချာနေရာမှာ တည်ရှိတဲ့ နောင်ယားကန်မှာ ရေပန်းဥယျာဉ်၊ ကစားကွင်း၊ ကန်အတွင်း အပျော်စီးလှေနဲ့ ညဈေးတန်းများ ဖွင့်လှစ်ခြင်း၊ ဘီလူးချောင်းတစ်လျှောက် ဖောင်များ၊ စက်လှေများစီးခြင်း၊ စက်ဘီးစီးခြင်း၊ MSME လုပ်ငန်းများက ထုတ်လုပ်တဲ့ အမှတ်တရပစ္စည်းဆိုင်၊ ဒေသထွက်ကုန်ဆိုင်များ ခင်းကျင်းရောင်းချခြင်းစတဲ့ လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံနိုင်ပါတယ်။

**ခွန်တီးလှ (တောင်သူ၊ ပဒါးညေးကျေးရွာ)**

ဒီဆွေးနွေးပွဲကနေ ကျွန်တော်တို့ တောင်သူတွေအတွက် စိုက်ပျိုးရေး နည်းလမ်းကောင်းများ သိရှိရပြီး အထွက်တိုးဖို့အတွက် ဘယ်လိုဆောင်ရွက်လို့ရနိုင်မယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းအသစ်တွေ ရရှိပါတယ်။ တချို့အကြံပြုချက်တွေဟာ ကျွန်တော်တို့ မြေပြင်မှာ အသုံးဝင်တဲ့ အကြံပြုချက်တွေဖြစ်သလို အကျိုးရှိစေတဲ့ အကြောင်းအရာတွေကိုလည်း သိရှိခွင့်ရခဲ့ပါတယ်။ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ ဆောင်ရန်ရှောင်ရန် ကိစ္စတွေကို သိခွင့်ရလို့ လုပ်ငန်းခွင်အတွက် အကျိုးရှိပါတယ်။ ကျွန်တော်တို့ ရသင့်တဲ့ အခွင့်အရေးတွေ၊ ကျွန်တော်တို့ကို ကာကွယ်ပေးထားတဲ့ ဥပဒေအကြောင်းအရာတွေကို သိခွင့်ရလို့လည်း ကျေးဇူးတင်ရှိပါတယ်။ ဌာနဆိုင်ရာတာဝန်ရှိသူတွေနဲ့ တိုက်ရိုက်ထိတွေ့ပြီး သိလိုတာတွေ မေးမြန်းခွင့်ရရှိဖို့က ဒီလိုပွဲတွေ ကျင်းပချိန်မှာသာ ရရှိတဲ့ အခွင့်အရေးဖြစ်ပါတယ်။ နောက်လည်း ပြည်နယ်မှာ ဒီလိုဆွေးနွေးပွဲတွေ များများဆောင်ရွက်စေလိုပါတယ်။

***တွေ့ဆုံမေးမြန်း - ရှင်းသန့်ချို***

# အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က မျိုးသုဉ်းရန်အန္တရာယ်ရှိမှုအဆင့် လျှော့ချခဲ့သော်လည်း ပြင်သာလိပ်များ တစ်နှစ်ထက်တစ်နှစ် ကောင်ရေလျော့ကျမှုရှိနေ



ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၁၆

**ပြီးခဲ့သည့် အောက်တိုဘာလအတွင်း အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(IUCN) မှ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်များပြင်ဆင်ခြင်းတွင် ပြင်သာလိပ် Green turtle (Chelonia mydas) ကို ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းရန်အန္တရာယ်ရှိသော အဆင့်မှ စိုးရိမ်စရာအနည်းဆုံးအဆင့်သို့ ပြန်လည်လျှော့ချသတ်မှတ်ခဲ့သော်လည်း မြန်မာနိုင်ငံတွင်မူ တစ်နှစ်ထက်တစ်နှစ် အကောင်ရေ လျော့ကျနေကြောင်း မော်တင်ကမ်းခြေဒေသ- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း(ဟိုင်းကြီးကျွန်း) မှ သိရသည်။**

"ကမ္ဘာလုံးဆိုင်ရာထိန်းသိမ်း စောင့်ရှောက်ရေး ကြိုးပမ်းမှုကြောင့် လိပ်အကောင်ရေတိုးပွားလာလို့ စိုးရိမ်စရာအနည်းဆုံးအဆင့်သို့ လျှော့လိုက်တယ်ဆိုပေမယ့် ကျွန်တော်တို့ နိုင်ငံမှာတော့ ပြင်သာလိပ် ကောင်ရေက တစ်နှစ်ထက်တစ်နှစ် လျော့ကျနေပါတယ်။ နောက်ဒီပြင်သာလိပ်ဆိုရင် မြန်မာနိုင်ငံ ကိုကိုးကျွန်းနဲ့ သမီးလှကျွန်းမှာ အကောင်ရေအများဆုံး တက်ရောက် ဥချတာ၊ ရခိုင်ပြည်နယ် နံ့သာကျွန်းမှာတော့ ဥတက်ချမှုအနည်းအကျဉ်းလောက်ပဲ ရှိတယ်။ ကျွန်တော် ကိုကိုးကျွန်းကို ၂၀၀၃ ခုနှစ်မှာ တစ်ခေါက်၊ ၂၀၀၇ ခုနှစ်တုန်းက တစ်ခေါက်၊ နောက် ၂၀၂၃ ခုနှစ်မှာ သုံးခေါက် ရောက်တယ်။ အဲဒီမှာ ၂၀၀၇ ခုနှစ်တုန်းက ဆိုရင် တစ်ညတည်းကို ၅ မနဲ့ ၁၀ မကြား တက်ရောက်ဥချတာ၊ ၂၀၂၃ ခုနှစ်ကျတော့ တစ်ရက်ကို တစ်ကောင်၊ နှစ်ကောင်လောက်ပဲ ဥချတော့တယ်။ အခုအထိဖြစ်နေတာ၊ အဲဒီဘက်မှာ အကောင်ရေလျော့နည်းလာတယ်ပြောရမှာပါ" ဟု မော်တင်ကမ်းခြေဒေသ- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်း (ဟိုင်းကြီးကျွန်း)မှ ဥက္ကဋ္ဌ ဦးဖုန်းမော်က ရှင်းပြသည်။



"နောက်ပြီး သမီးလှကျွန်းလည်း လွန်ခဲ့တဲ့ နှစ် ၂၀၊ နှစ် ၃၀ လောက်က ဆိုရင် ဥကျင်း ၃၀၀ ကျော်လောက် ဥတက်ချတာ၊ အခုဆိုရင် ဥကျင်းအရေအတွက် ၁၀၀ ပြည့်ဖို့တောင် မလွယ်ဘူး၊ တစ်လမှ ၁၀ မ အောက်ပဲ တက်တော့တယ်၊ အခုဒီနှစ်ဆိုရင် ကျွန်တော်သတိထားမိသလောက် တစ်လကို ခြောက်ကောင်၊ ခုနစ်ကောင် အဲဒီလောက်ပဲ တက်ရောက်ဥချတော့တယ်။ အကောင်ရေ တဖြည်းဖြည်းနဲ့ လျော့ကျလာသလို ဥတက်ချမှုတွေလည်း နည်းလာတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ(ငြိမ်း)လည်းဖြစ်သူ ဦးဖုန်းမော်က ဆက်လက်ရှင်းပြသည်။

ပြင်သာလိပ်များ အကောင်ရေ လျော့ကျလာခြင်းမှာ ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးခံရခြင်း၊ ၎င်းတို့၏ ဥနှင့် အသားများစားသုံးရောင်းဝယ်ကြခြင်း၊ ကမ်းခြေများ ဖွံ့ဖြိုးလာ၍ ပင်လယ်လိပ် ဥချသည့် ကမ်းခြေများဆုံးရှုံးလာခြင်း၊ ပင်လယ်ပြင်အတွင်း ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများပြားလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ပင်လယ်ရေပြင် ညစ်ညမ်းလာခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်သည် ဧရိယာ ၂၈၃၂ ကီလိုမီတာ ရှည်လျားကာ ကျွန်းပေါင်း ၁၀၀၀ ခန့် ပိုင်ဆိုင်ကြောင်း၊ အဆိုပါ ကမ်းခြေနှင့် ကျွန်းများတွင် ပင်လယ်လိပ်များ တက်ရောက်ဥချနိုင်သည့်နေရာဒေသများစွာရှိကြောင်းလည်း သိရသည်။

"လက်ရှိအခြေအနေကတော့ တခြားနိုင်ငံတွေနဲ့ယှဉ်ကြည့်ရင် ပြုန်းတီးမှုကျတော့ ကျွန်တော်တို့ နိုင်ငံကများတယ်၊ ဒါ့အပြင် တခြားနိုင်ငံတွေက လိပ်တွေရဲ့ တန်ဖိုးကို ပြည်သူတွေက တော်တော်များများသိကြတယ်။ ကျွန်တော်တို့ နိုင်ငံကျတော့ အဲဒီလိုသိတဲ့လူက နည်းတယ်။ ပြီးတော့ အရင်က ကျွန်တော် ပင်လယ်ကမ်းရိုးတန်းနေရာတွေမှာ လိပ်တွေအကြောင်းပြောရင် သူတို့က တအံ့တသြ ဖြစ်နေကြတာ၊ သူတို့က လိပ်ဆိုတာပဲသိတာလေ၊ လိပ်တွေ့ရင် မိရင် စားလိုက်မယ်၊ လိပ်တွေက တန်ဖိုး ဘယ်လိုရှိတယ်။ ဘယ်လိုတွေဆက်စပ်သလဲ သူတို့မသိကြဘူး။ အခုဒီဘက်ခေတ်ရောက်မှ ဌာနတွေကလည်း ပညာပေးတွေ လုပ်နိုင်သလောက်တွဲလုပ်လို့ ပြည်သူကို ပညာပေးတဲ့အဆင့်ထိ ရောက်လာတာပါ"ဟု ၎င်းက ထပ်မံရှင်းပြသည်။

ပြင်သာလိပ်များသည် ပင်လယ်မြက်နှင့် ရေညှိများကိုစားပြီး ၎င်းတို့၏ အစိမ်းရောင်အဆီကြောင့် လူသိများသော ပင်လယ်လိပ်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ပြင်သာလိပ်ကို အပူပိုင်းဒေသနှင့် သမပိုင်းသမုဒ္ဒရာများတွင် တွေ့ရှိရကြောင်း၊ အလွန်ဝေးကွာသော အစာစားကျက်များ (feeding grounds)နှင့် ဥချရာနေရာ (nesting grounds) များကြား ရွှေ့ပြောင်းနေထိုင်ကြကြောင်း၊ ပြင်သာလိပ်များသည် သက်တမ်းရှည်ကြာပြီး သက်တမ်းမှာ နှစ် (၇၀) သို့မဟုတ် ယင်းထက်ပိုကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိပြီး အာဆီယံနိုင်ငံများ၏ ပင်လယ်ပြင်တွင် ခြောက်မျိုးရှိရာ မြန်မာနိုင်ငံရေပြင်တွင် လိပ်စောင်းလျား(Leat-herback)၊ လိပ်ခွေး (Loggerhead)၊ လိပ်ကြက်တူရွေး (Hawaksbill)၊ ပြင်သာလိပ်(Green Turtle)၊ လိပ်လှောင်း(Olive Ridley)ဟူသော မျိုးစိတ် ငါးမျိုးကို တွေ့မြင်နိုင်ကြောင်း သိရသည်။

**ပိန်းဇလုပ် -သိန်းညွန့်**

# ဟိုင်းကြီးကျွန်းမြို့အနီး၌ တောဆင်ရိုင်းတစ်ကောင် ဝေန်မြစ်ဝကိုရေကူးဖြတ်သန်း၍ အသွားအပြန်ပြုလုပ်နေ



**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၁၆** ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီးတွင် နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းက တောဆင်ရိုင်း တစ်ကောင် (၃)မိုင်ကျော်ခန့် ကျယ်သော ဝေန်မြစ်ဝကိုရေကူးဖြတ်သန်း၍ ဟိုင်းကြီးကျွန်းတစ်ဖက်ကမ်းရှိ ဝါးကုန်းကျေးရွာအုပ်စု စီလောင်ကျေးရွာဘက်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းသည် သစ်တောကြိုးဝိုင်း တည်ရှိရာ မြို့သစ်ကျေးရွာဘက်အခြမ်းမှ မွန်းလွဲ ၂ နာရီခန့် မြစ်အတွင်းသို့ စတင်ဆင်း၍ ရေကူးဖြတ်သန်းခဲ့ခြင်းဖြစ်ပြီး မြစ်အတွင်းသွားလာနေကြသော စက်လှေသမားများက သစ်တောကြိုးဝိုင်းဘက်ကို ပြန်လည် မောင်းထုတ်ခဲ့သော်လည်း မသွားဘဲ စီလောင်ရွာဘက်သို့သာ ကူးခပ်သွားခဲ့ကာ ညနေပိုင်းတွင် စီလောင်ရွာသားပိုင် ဥယျာဉ်ခြံတစ်ခုဆီကို ကမ်းတက်လာခဲ့ပြီး အဆိုပါဥယျာဉ်ခြံအနီးဝန်းကျင်တွင် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက် နှစ်ရက်ကြာ နေထိုင်ခဲ့ကြောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် ဟိုင်းကြီးကျွန်းဘက်ရှိ သစ်တောကြိုးဝိုင်းရှိရာသို့ ရေကူးပြန်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းအား စီလောင်ကျေးရွာသား အများအပြား လာရောက်ကြည့်ကြသော်လည်း အန္တရာယ်မပြုဘဲ ငှက်ပျောပင်များ၊ အုန်းပင်များအား စားသောက်ကာ ပြန်သွားခြင်းဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**



# တောင်ငူမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**တောင်ငူ နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဦးဆောင်၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ခရိုင်အဆင့် အသိပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က တောင်ငူမြို့နယ်သစ်တောဦးစီးဌာန ကံရိုးပျိုးဥယျာဉ်၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် တောင်ငူခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဝင်းသူက ကံရိုးကျေးရွာမှ ဒေသခံပြည်သူများအား သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောဆွေးနွေးပြီး ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လက်ပံတန်း၌ အီလက်ထရောနစ် မဲပေးစက် လက်တွေ့ သရုပ်ပြ

**လက်ပံတန်း နိုဝင်ဘာ ၁၆**

လက်ပံတန်းမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က ကျေးရွာအုပ်စုများအလိုက် ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြ ရှင်းလင်းပြသသည်။

အဆိုပါလက်တွေ့သရုပ်ပြအသိပညာပေးခြင်းကို မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၃ အုပ်စုသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်နှင့် ဌာနဆိုင်ရာများက အဖွဲ့ရှစ်ဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မင်းရပ်ရပ်ကွက်၊ ဘီးလင်းတန်းရပ်ကွက်၊ ခမုံဆိပ်၊ ရေကြည်၊ နဘဲကွင်းကျေးရွာအုပ်စုတို့မှ မဲဆန္ဒရှင်ပြည်သူ ငါးထောင်ကျော် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

## မြစ်သားမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

မြစ်သား နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။



ဦးစွာ အထက (မြစ်သား) မှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းသီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။ ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များက (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် အထက်တန်းအဆင့်/ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိခဲ့သူများအား ဆုများ ချီးမြှင့်ပေးအပ်သည်။

ဝါဝါမြင့် (မြစ်သား)



## ပျဉ်းမနားမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

နေပြည်တော် နိုဝင်ဘာ ၁၆

နေပြည်တော် ငကောင်းကံကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၇) ဇောင်ချမ်းကုန်းကွင်း ဦးပိုင်အမှတ်(၃၂)တွင် တောင်သူဦးယုစိန် စိုက်ပျိုးထားသော ၂၀၂၅-၂၀၂၆ မိုးစပါးအား မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး ညှိနှိုင်းမှုအဖွဲ့မှ စံကွက်ရိတ်သိမ်းကြရာ ဆင်းသုခစပါးမျိုး(သင့်) ကိုယ်စားပြုအလွှာတွင် အစို ၁၀၁ တင်း၊ အခြောက် ၉၁ တင်း ထွက်ရှိကြောင်း သိရသည်။

ရွှေပြည်တော်

## ကသာမြို့နယ်၌ အောင်နိုင်တိုးမိုးစပါးစံကွက်ရိတ်သိမ်း

ကသာ နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ မိုးစပါးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် အောင်နိုင်တိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က ကျန်တောကျေးရွာအုပ်စုရှိ တောင်သူဦးထွန်းမြင့်၏ လယ်မြေ၌ ပြုလုပ်သည်။

မိုးစပါးရိတ်သိမ်းပွဲ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးဝင်းက မိုးစပါးစံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကွင်းအမှတ်(၇၁၅)ရှိ အောင်နိုင်တိုးစပါးမျိုးကောင်း ကိုယ်စားပြုတောင်သူဦးထွန်းမြင့်၏ လယ်မြေ ဦးပိုင်အမှတ်(၃)၊ ၄ ဒသမ ၀၀ ဧကအတွင်း စံကွက်အရွယ်အစား ၀ ဒသမ ၁၀ ဧကအား မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအခြောက် ၁၂၀ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

ကသာမြို့နယ်၏ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး စိုက်ဧက ၁၇၁၇၃၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ကျော်စွာ(ကသာ)



## မင်းဘူး(စကု)မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော တိုင်းရင်းဆေးဖြင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေး

မင်းဘူး နိုဝင်ဘာ ၁၆

မင်းဘူး(စကု)မြို့နယ် ကြီးပင်ကန် (အရှေ့)ကျေးရွာနှင့် ကြီးပင်ကန်(န) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲများ၌ ယမန်နေ့က လူငယ်ရေးရာအသိပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်နှင်းနှင်းက အားကစားပြုလုပ်သည့် အလေ့အကျင့်များ ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြောင်း သိကောင်းစရာများ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားကာ မြို့နယ်အားကစားမှူးက ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုမာထံ ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ညိုညိုသန့်က တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်သူ့အကျိုးပြုဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများနှင့် ကျန်းမာရေးဆိုင်ရာ အချက်များကို ရှင်းလင်းဆွေးနွေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့သည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## ကျောက်ကြီးမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

ကျောက်ကြီး နိုဝင်ဘာ ၁၆

ကျောက်ကြီးမြို့နယ်၌ အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျောက်ကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ပြီး ကျောက်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးပုံအဆင့်၊ မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ အတူနေမိသားစုဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက အီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်လက်တွေ့ စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး သိရှိလိုသည်များကို အပြန်အလှန်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



မြောင်းမြမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းကို နိုဝင်ဘာ ၁၅ ရက်က မြို့ပေါ်ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ကွင်းဆင်းဆောင်ရွက်စဉ်။

ဇေယျာ(မြောင်းမြ)

## နောင်တရားမြို့၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

နောင်တရား နိုဝင်ဘာ ၁၆

ပင်လောင်းမြို့နယ် နောင်တရားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ တီထွင်ကြံဆဖန်တီးနိုင်စွမ်းမြင့်မားစေသော ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းနိုင်စေရေးအတွက် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပသည်။ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် နံရံကပ်စာစောင်ပြသခြင်း၊ သုတရသစာအုပ်စာစောင်များ ပြသခြင်းနှင့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် သတင်းလက်ကမ်းစာစောင်ကို ဖြန့်ဝေခဲ့သည်။ ထို့နောက် မြို့ဦးစီးမှူး ဦးစိုးတင့်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ ကျောင်းသားကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

နောင်တရား(ပြန်/ဆက်)



မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ စက်သုံးဆီဆိုင်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၁၅ ရက်က မြို့နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းတင်နှင့် ကော်မတီအဖွဲ့ဝင်များ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## ကန့်ဘလူမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**ကန့်ဘလူ နိုဝင်ဘာ ၁၆**

ကန့်ဘလူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့



စမ်းသပ် မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညဏ်တင့်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်မောင်ချိုတို့က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးရဲမင်းသော်က အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အချက်အလက်များ၊ အသုံးပြုခြင်းရည်ရွယ်ချက်၊ မဲပေးပုံ၊ မဲရလဒ်ရေတွက်ပုံ စသည့် မဲပေးစက်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့ပေါ်ရပ်ကွက် ငါးခုမှ မဲဆန္ဒရှင်ပြည်သူများက အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လွှတ်တော်သုံးရပ်အတွက် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူတို့ ဦးဆောင်သော ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့များက အမှတ်(၁)၊ သာယာဝတီရပ်ကွက်၌ လျှပ်စစ်မီးသုံးစွဲမှု၊ Gas မီးဖိုသုံးစွဲမှုနှင့်အခြားမီးသုံးစွဲမှုများ စနစ်တကျရှိစေရေး နိုဝင်ဘာ ၁၆ ရက်က တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးစဉ်။ ဒီပါလင်း

## ငဖဲမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောပြီး လက်တွေ့စမ်းသပ်မဲပေး

**ငဖဲ နိုဝင်ဘာ ၁၆**

ငဖဲမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က စတင်၍ မြို့နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးဘပြုံး၊ ဦးကြည်ဝင်းနှင့် ဦးသိန်းဦးတို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးမင်းသီဟသန်းက အီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ ကိုင်တွယ်ထိန်းသိမ်းနည်း၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကြိုတင်မဲဆိုင်ရာ ပယ်မဲ၊ ခိုင်လုံမဲများအကြောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ နယ်မြေခံတပ်နယ်များမှ အရာရှိ၊ အရာခံ စစ်သည်ဝန်ထမ်းများနှင့် မိသားစုဝင်များအား လက်တွေ့စမ်းသပ်မဲပေးစေခြင်းများ ဆောင်ရွက်ရာ တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**



မင်းတုန်းမြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၅ ရက်က အမှတ်(၂) ရပ်ကွက်၊ ဘုရားကြီးသုံးဆူရှိ မဟာသာသနောပကာရ သာသနာ့ဗိမာန်တော်ကြီးတွင် မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။

ချင်းကလေး(NRDC)

## မိုင်းဖြတ်မြို့နယ်၌ လယ်ယာမြေ ဧက ၂၂၀ ကျော်အကျိုးပြုမည့် ဖိုင်ပါဖွေ့ရေလွှဲဆည် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**မိုင်းဖြတ် နိုဝင်ဘာ ၁၆**

မိုင်းဖြတ်မြို့နယ်၌ တောင်သူများ၏ လယ်ယာမြေ ဧက ၂၂၀ ကျော် စိုက်ပျိုးရေများ ဖြန့်ဝေပေးနိုင်မည့် ဖိုင်ပါဖွေ့ရေလွှဲဆည်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်က မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့် ကော်မတီဝင်များသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ်သန်း ၁၆၀ ဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်သည့် အလျားပေ ၆၀၊ အကျယ်ပေ ၆၀၊ အမြင့် ရှစ်ပေ အတိုင်းအတာရှိ ကျောက်စီကွန်ကရစ်လုပ်ငန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေကျပ်သန်း ၈၀ ဖြင့် အလျား လေးပေ၊ အနံ လေးပေရှိ ရေတံခါး နှင့် အလျား ၁၃၅ ပေရှိ ကျောက်စီ ရေမြောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းဦး ဦးစီးအရာရှိ(မြို့ပြ)နှင့် ကြီးကြပ်အင်ဂျင်နီယာ ဦးကောင်းမြတ်ဇော်ဒု-ဦးစီးမှူး(မြို့ပြ) တို့က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ရေလွှဲဆည်သည် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် နမ့်လန်းအုပ်စု၊ နမ့်လောက်အုပ်စု၊ ဝမ်လုံးအုပ်စု အတွင်းရှိ ကျေးရွာများမှ တောင်သူများ စိုက်ပျိုးလယ်ယာမြေ ဧက ၂၂၀ ကျော် စိုက်ပျိုးရေများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ထန်းတပင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် နိုဝင်ဘာ ၁၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအုန်းဝင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ အသိပညာပေးနှိုးဆော်စဉ်။ ဇင်မင်းထိုက်(ထန်းတပင်)



## ကော့မှူး၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ကော့မှူး နိုဝင်ဘာ ၁၆**

ကော့မှူးမြို့နယ် ကမာကနီးကျေးရွာအုပ်စု ကွင်းအမှတ် (၅၁၃)၊ ဦးပိုင်အမှတ် (၁၂/၃) ဧရိယာ ၂၂ ဒသမ ၄၄ အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီတွင် စိုက်ပျိုးခဲ့သော တောင်သူ ဦးသောင်းငွေ၏ ငစိန်စပါးမျိုးကောင်း ကိုယ်စားပြုစံကွက်ကို ၆ ဒသမ ၆ ပေစံကွက်ဖြင့် ရိတ်သိမ်းပွဲ ကျင်းပရာ အစိုအထွက်နှုန်း ၇၉ ဒသမ ၅၆ တင်း၊ အခြောက်အထွက်နှုန်း ၇၃ ဒသမ ၂၆ တင်း ထွက်ရှိသည်။ **ကျော်သူရ(ကော့မှူး)**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင်စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



ငရုတ်ကောင်းမြို့ ကတင်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၅ ရက်တွင် လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးမှု၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး၊ ပျောက်ဆုံးသွားသည့် ပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးစဉ်။ ငရုတ်ကောင်း(ပြန်/ဆက်)

# ONE 173 ပြိုင်ပွဲ၌ စူပါဘွန်းက နိုအိုရီကို အနိုင်ယူပြီး ဖဲသာဝိတ်ကစ်ဘောက်ဆင် ချန်ပီယံခါးပတ် ဆွတ်ခူး


Photo – ONE Championship



နိုဝင်ဘာ ၁၆ ရက် က ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Ariake Arena အားကစားကွင်း၌ ကျင်းပခဲ့သော ONE 173 ပြိုင်ပွဲသည် တိုက်ခိုက်ရေး အားကစားလောက၏ အာရုံစိုက်မှုကို အပြည့်အဝရရှိခဲ့သည့် ပြိုင်ပွဲတစ်ခုဖြစ်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် အဓိက တွဲဆိုင်းအဖြစ် ထိုင်းနိုင်ငံမှ နာမည်ကြီး တိုက်ခိုက်ရေးသမား စူပါဘွန်းနှင့် ဂျပန်နိုင်ငံမှ ထိပ်တန်းတိုက်ခိုက်ရေးသမား နိုအိုရီတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

အဆိုပါ ပွဲစဉ်မှာ ဖဲသာဝိတ်ကစ်ဘောက်ဆင်ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြခြင်း ဖြစ်သည်။ စူပါဘွန်းသည် အားသာသည့် ကန်ချက်များ၊ လက်သီးထိုးချက်များကို အသုံးပြုကာ ပြိုင်ဘက်နိုအိုရီကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ အိမ်ရှင်ပရိသတ်များ၏ အားပေးမှု အပြည့်အဝရရှိထားသော နိုအီရီက ဒူးနှင့် လက်သီးထိုးချက်များဖြင့် ခုခံတိုက်ခိုက်ခဲ့သော်လည်း စူပါဘွန်း၏ အတွေ့အကြုံနှင့် နည်းစနစ်ကို ကျော်လွှားနိုင်ခဲ့ခြင်း မရှိပေ။

ငါးချီကြာ အပြန်အလှန် ယှဉ်ပြိုင်ထိုးသတ်မှု အပြီးတွင် စူပါဘွန်းက ဒိုင်များ၏ တညီတညွတ်တည်း အမှတ်ပေးဆုံးဖြတ်ချက်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ဖဲသာဝိတ်ကစ်ဘောက်ဆင် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

ဖလိုင်းဝိတ် MMA ကမ္ဘာ့ချန်ပီယံလုပွဲတွင် ဂျပန်တိုက်ခိုက်ရေးသမား ယူယာ ဝါကာမာဆုက ဖိလစ်ပိုင် တိုက်ခိုက်ရေးသမား ဂျိုရှူအာ ပါချီအိုကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် နိုင်ပွဲရရှိခဲ့ပြီး ခါးပတ်ရယူနိုင်ခဲ့သည်။ ထို့အပြင် အက်တမ်ဝိတ် မွေထိုင်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ဂျပန်တိုက်ခိုက်ရေးသမား နာဒါကာက ထိုင်းတိုက်ခိုက်ရေးသမား နမ်ဆူရင် ချော်ခက်ဝီနာကို ဒိုင်များ၏တညီတညွတ်တည်း အမှတ်ပေး ဆုံးဖြတ်ချက်ဖြင့် နိုင်ပွဲရရှိခဲ့ပြီး ခါးပတ်ရရှိခဲ့သည်။

အခြား ပွဲစဉ်များတွင် ဖလိုင်းဝိတ် ကစ်ဘောက်ဆင် ပြိုင်ပွဲအဖြစ် ဂျပန်တိုက်ခိုက်ရေးသမား တာကေးရုနှင့် ဘော့စနီးယား/ ကနေဒါ တိုက်ခိုက်ရေးသမား ပူးရစ်ပွဲစဉ်တွင် တာကေးရုက ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဘန်တမ်ဝိတ် ကစ်ဘောက်ဆင်ပြိုင်ပွဲအဖြစ် ထိုင်းနာမည်ကြီး တိုက်ခိုက်ရေးသမား စူပါလက်နှင့် ဂျပန်ထိပ်တန်း တိုက်ခိုက်ရေးသမား ယိုဇာပွဲစဉ်တွင် ယိုဇာက ဒိုင်များ၏ တညီတညွတ်တည်း အမှတ်ပေးဆုံးဖြတ်ချက်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

အမ်တမ်ဝိတ် အမျိုးသမီး ကစ်ဘောက်ဆင် ပြိုင်ပွဲအဖြစ် ထိုင်းတိုက်ခိုက်ရေးသမား စတမ်ဖဲတက်နှင့် ဂျပန်တိုက်ခိုက်ရေးသမား ကာနာတို့ပွဲစဉ်တွင် ကာနာက ဒိုင်များ၏ တညီတညွတ်တည်း အမှတ်ပေးဆုံးဖြတ်ချက်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ■



## ဖီးလစ် အူဂါကို ကျော်ဖြတ်ကာ အယ်ကာရက်ဇ် ATP Finals ဗိုလ်လုပွဲ တက်လှမ်း

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ကားလို့စ် အယ်ကာရက်ဇ်သည် ATP Finals အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ကနေဒါတင်းနစ်အကျော်အမော် ဖီးလစ် အူဂါကို ၆-၂၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

ဖီးလစ်အူဂါသည် နိုဝင်ဘာ ၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့အဆင့် (၃) တင်းနစ်ကစားသမား အလက်ဇန်းဒါး ဇီဗာရက်ဗ်ကို အကြိတ်အနယ်ကစားကာ အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် အယ်ကာရက်ဇ်ကို ထပ်မံအနိုင်ယူကျော်ဖြတ်နိုင်စွမ်း မရှိသည့်အတွက် ဗိုလ်လုပွဲ တက်လှမ်းခွင့် လွဲချော်ခဲ့သည်။

အယ်ကာရက်ဇ်သည် ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် (၂) ရှိ အီတလီ နာမည်ကြီး တင်းနစ်ကစားသမား ဂျန်းနစ်ခ်ဆင်းနားနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဆင်းနားသည် ဆီမီးဖိုင်နယ်တွင် ဩစတြေးလျ တင်းနစ်ကစားသမား အဲလက်ဒီမီနော်ကို အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက် လှမ်းလာခြင်း ဖြစ်သည်။

အယ်ကာရက်ဇ်သည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ဂျပန်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြိုင်ဘက်ကို အနိုင်ယူကာ ဖလားဆွတ်ခူးထားသည်။ အယ်ကာရက်ဇ်နှင့် ဆင်းနားတို့၏ ယခုအကြိမ် တွေ့ဆုံမှုသည် ယခုနှစ်အတွင်း ခြောက်ကြိမ်မြောက် တွေ့ဆုံမှု ဖြစ်သည်။

■ မိုးဇက်-စုစည်းရေးသားသည်

ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့် ပွဲစဉ်တွေကို နိုဝင်ဘာ ၁၈ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မက္ကဆီကိုနဲ့ ပေါ်တူဂီ၊ ဘရာဇီးနဲ့ ပြင်သစ်၊ မြောက်ကိုရီးယားနဲ့ ဂျပန်၊ ဩစတြီးယားနဲ့ အင်္ဂလန်စသဖြင့် နာမည်ကြီးအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

## ယူ - ၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

### အီတလီ VS ဥဇဘက်ကစ္စတန် ည ၇း၀၀

အီတလီရဲ့ ခြေစွမ်းက အုပ်စုတွင်း သုံးပွဲမှာ သုံးပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တာကြောင့် အကောင်းဆုံးပုံစံမှာရှိတယ်။ ပြိုင်ဘက် ဥဇဘက်ကစ္စတန်အသင်းရဲ့ ခြေစွမ်းကလည်း သုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားတာကြောင့် ထက်မြက်မှုရှိတယ်။ တိုက်စစ်ထက်မြက်တဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ်ရှိတယ်။ ဥဇဘက်ကစ္စတန်က နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် အီတလီအသင်း မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

### ဘရာဇီး VS ပြင်သစ် ည ၈း၀၀

ဘရာဇီးရဲ့ ခြေစွမ်းက အတော်လေး အားရစရာကောင်းတယ်။ အုပ်စုတွင်း သုံးပွဲမှာ ခံစစ်က တစ်ဂိုးသာ ခွင့်ပြုပေးထားရပြီး တိုက်စစ်က ၁၂ ဂိုးအထိ သွင်းယူထားနိုင်တယ်။ ပြိုင်ဘက်ပြင်သစ်ရဲ့ ခြေစွမ်းက သာမန်ရှိပြီး ထက်မြက်မှု မရှိဘူး။ ဘရာဇီးက ပြိုင်ဘက်အသင်းကို ဖိအားပေး ထိန်းချုပ်ကစားနိုင်စွမ်းရှိတယ်။ ပြင်သစ်အသင်းရဲ့ ရှုံးအားကြောင့် သွင်းဂိုးရရေး ဘရာဇီးအသင်း အခက်တွေ့နိုင်တယ်။ သို့သော်လည်း ရရှိလာတဲ့ အခွင့်အရေးကို အမိအရအသုံးချပြီး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ရင် နောက်တစ်ဆင့်တက်လှမ်းနိုင်တယ်။

### ဆွစ်ဇာလန် VS အိုင်ယာလန် ည ၉း၁၅

ဆွစ်ဇာလန်ရော အိုင်ယာလန်အသင်းပါ ခြေစွမ်းထက်မြက်ပြီး ခံစစ်တည်ငြိမ်ကျစ်လျစ်မှုရှိတယ်။ နှစ်သင်းစလုံးမှာ အရည်အသွေးမြင့်ကစားသမားတွေ အများအပြား ပိုင်ဆိုင်ထားတယ်။ မက္ကဆီကို၊ အီဂျစ်စတဲ့ ထိပ်တန်းအသင်းတွေကို အနိုင်ယူကျော်ဖြတ်ထားတဲ့ ဆွစ်ဇာလန်ကို အိုင်ယာလန်အသင်း ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိတယ်။ သို့သော်လည်း ပွဲချိန်တစ်လျှောက် ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်တဲ့ အသင်းထက် အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်မယ်။

### မော်ရိုကို VS မာလီ ည ၁၀း၁၅

ခြေရည်တူနှစ်သင်း တွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ်ရှိတယ်။ မာလီထက် မော်ရိုကိုအသင်းက အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်မှုရှိတယ်၊ ပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်တဲ့ ကစားသမားတွေလည်း ပိုင်ဆိုင်ထားတယ်။ မာလီအသင်းထက် မော်ရိုကိုအသင်း နိုင်ပွဲရမယ်။

### မက္ကဆီကို VS ပေါ်တူဂီ ည ၇း၃၀

အုပ်စုတွင်း ခြေစွမ်းအရ မက္ကဆီကိုရဲ့ ခြေစွမ်းက အားရစရာမရှိဘူး။ သုံးပွဲမှာ တစ်ပွဲသာ နိုင်ပြီး နှစ်ပွဲရှုံးနိမ့်ထားတယ်။ တိုက်စစ်ကလည်း သုံးဂိုးသာ သွင်းယူထားနိုင်ပြီး ခံစစ်က ငါးဂိုးအထိ ပြန်လည်ခွင့်ပြုပေးထားရတယ်။ ပြိုင်ဘက်ပေါ်တူဂီက နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားတယ်။ ဒါ့အပြင် အသင်းတိုက်စစ်ကလည်း ၁၃ ဂိုးအထိ သွင်းယူထားနိုင်ပြီး ခံစစ်က သုံးဂိုးသာ ပြန်လည်ခွင့်ပြုပေးထားရတယ်။ မက္ကဆီကိုအနေနဲ့ ပေါ်တူဂီရဲ့ တိုက်စစ်ကို ပွဲချိန်ပြည့် ဟန့်တားဖို့ မလွယ်ဘူး။

### မြောက်ကိုရီးယား VS ဂျပန် ည ၉း၄၅

မြောက်ကိုရီးယားရဲ့ ခြေစွမ်းက မဆိုးဘူးဆိုပေမယ့် ထိပ်တန်းအဆင့် ခြေစွမ်းမျိုးပိုင်ဆိုင်ထားတဲ့ ဂျပန်အသင်းကို အသာရဖို့ မလွယ်ဘူး။ ဂျပန်က တိုက်စစ်ထက်မြက်တဲ့ ပေါ်တူဂီလိုအသင်းကို နိုင်ပွဲရအောင် စွမ်းဆောင်ထားနိုင်တယ်။ ဂျပန်က ခံစစ်ပိုင်း တည်ငြိမ်ကျစ်လျစ်မှုရှိတယ်။ မြောက်ကိုရီးယားရဲ့ တိုက်စစ်ကလည်းက ထက်မြက်မှုရှိတာကြောင့် ဂျပန်အသင်းရဲ့ ကြိုးပမ်းအားထုတ်မှု ပုံမှန်ထက် အားနည်းခဲ့ရင် ပေးဆပ်မှု ကြီးမားသွားနိုင်တယ်။

### ဩစတြီးယား VS အင်္ဂလန် ည ၁၀း၁၅

ဩစတြီးယားရဲ့ ခြေစွမ်းက အကောင်းဆုံးပုံစံမှာရှိတယ်။ အုပ်စုတွင်း သုံးပွဲမှာ သုံးပွဲစလုံး နိုင်ပွဲရရှိထားတယ်။ ခံစစ်ပိုင်းကလည်း ပေးဂိုး တစ်ဂိုးသာ ခွင့်ပြုပေးထားရတယ်။ ပြိုင်ဘက် အင်္ဂလန်အသင်းရဲ့ ခြေစွမ်းကလည်း ထိပ်တန်းအဆင့်မှာ ရှိတယ်။ အုပ်စုတွင်း သုံးပွဲမှာ တိုက်စစ်က ၁၁ ဂိုးသွင်းယူထားနိုင်တယ်။ တိုက်စစ်ထက်မြက်တဲ့ အသင်းချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ခြေစွမ်းသာတဲ့အသင်းထက် အခွင့်အရေး အသုံးချနိုင်တဲ့အသင်း နိုင်ပွဲရမယ်။

**ရန်ကုန် ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(YBPC)**
**ရွေးချယ်ခြင်းဖြင့် အစုရှယ်ယာပြန်လည်ဝယ်ယူခြင်းအတွက် အတည်ပြုမည့် အထူးအထွေထွေအစည်းအဝေး ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာ**
**(မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၂၁၊ ပုဒ်မခွဲ (ဃ) အရ)**

၁။ ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (YBPC) သည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၂၀ ၊ ပုဒ်မခွဲ (က) ၊ ပုဒ်မခွဲငယ် (၁) မှ (၃) အထိ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်၍ အစုရှယ်ယာရှင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကုမ္ပဏီသို့ အစုရှယ်ယာ ပြန်လည်ရောင်းချရန် ဆန္ဒပြုမည့် အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် အစုရှယ်ယာပြန်လည်ဝယ်ယူခြင်း နှင့်စပ်လျဉ်း၍ အဖိုးစားနားအား လက်ခံသူများက ထောက်ခံ၍ ဆန္ဒမဲပေးခြင်းမပါရှိသည့် အထူးဆုံးဖြတ်ချက် ချမှတ်ရန် ကုမ္ပဏီ၏ အထူးအထွေထွေအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) နှင့်အညီ (၂၃-၁၂-၂၀၂၅) ရက်နေ့တွင် ကျင်းပပြုလုပ်ရန်စီစဉ် ရည်ရွယ်ထားပါသည်။

၂။ ကုမ္ပဏီသည် အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ကုမ္ပဏီများ မှတ်ပုံတင်အရာရှိထံသို့ တင်ပြဆောင်ရွက်ပြီးဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(YBPC)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 40W/27111 ယာဉ်လက်ဝယ်ရှိသူ ဦးပေါ်ဦး ၈/မကန(နိုင်)၀၃၃၅၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးနိုင်ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၄၉၀၉၅ JIALING M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၅/ရဘန(နိုင်)၁၆၀၆၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)ရွှေဘိုမြို့**

## ရေချိုးတာရေး နည်းလမ်းများ

- ❖ အဝတ် အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❖ အဝတ် လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❖ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ❖ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်း မပြုပါနှင့်။

## ကန့်ကွက်လွှာခေါ်ယူခြင်း

**အများပြည်သူ သိရှိနိုင်ရန် ကြေညာအပ်ပါသည်-**

၁။ ဒိုက်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဖအောင်ဝဲလမ်းရှိ ကွင်းအမှတ် ၄၁၂၊ ကွင်းအမည် ကမာတေး၊ ဦးပိုင်အမှတ် ၂၃/၅၊ ဧရိယာ (၀.၀၉)ဧကအား ဦးရင်မောင်ထွန်း အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| အရှေ့လားသော် | - | ဦးပိုင်အမှတ် ၂၃/၆ |
| အနောက်လားသော် | - | ဦးပိုင်အမှတ် ၂၃/၂ |
| တောင်လားသော် | - | ဦးပိုင်အမှတ် ၂၃/၄ |
| မြောက်လားသော် | - | ဖအောင်ဝဲလမ်း |

၃။ လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်းနောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဒိုက်ဦးမြို့**

## " ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ "

နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ ရန်အောင်၊ မာန်အောင် အပြင်လမ်း၊ သာစည်ရပ်ကွက်နေ ဦးရဲကျော်စွာ တို့ မိသားစုသည် ပေ(၃၀)၊ ပေ(၁၀၀)ရှိသော ခြံမြေနှင့် နေအိမ်အား ဦးချစ်မြနှင့်ဒေါ်အေးကြည်ထံမှ အသိသက်သေများဖြစ်သော ဒေါ်ကျင်ခ (ကွယ်လွန်)၊ ဒေါ်ဌေးဌေး၊ ဒေါ်မြင့်မြင့်ရီ၊ ဦးလှမြိုင်တို့ရှေ့တွင် လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်ထဲက ဝယ်ယူပိုင်ဆိုင်နေထိုင်လာကြကြောင်းကို ရပ်ကွက်လူကြီးအဆက်ဆက်နှင့် အများသိရှိပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်နေအိမ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရဲကျော်စွာ၊ ၇/နတလ(နိုင်)၀၃၆၄၅၅ နှင့် ဒေါ်နီလာဌေး၊ ၇/နတလ(နိုင်) ၀၀၁၁၂၇ မှရောင်းချမည်ဖြစ်ပါ၍ ယင်းမြေကွက်နှင့်နေအိမ်ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုသူမည်သူမဆို ခိုင်မာသောအထောက်အထား ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်အမှုသည်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးရဲကျော်စွာ+ဒေါ်နီလာဌေး တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုလွင်(LL.B,C.B.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၅၇)**
**အမှတ်-၅၈၊ ခတ္တာလမ်း၊ ရွှေတည်(၂)၊ ပေါင်းတည်မြို့။ ဖုန်း - ၀၉၇၉၅၆၄၃၆၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဗလ္လိက(၁၂)လမ်း၊ မြေကွက်အမှတ် (၃၀၃/က)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း (၂၀x၆၀) ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ခန်းတည်း (၆)ထပ် RC တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း (၁၈x၅၄) ပေရှိ လူနေထိုင်ရန် အသင့်ရှိသော BCC ကျပြီး တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီး (မီတာ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စိုးမေ (၁/မကတ(နိုင်)၁၇၃၃၀၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ - |
| ဦးခင်မောင်ဦး | ဒေါ်ယဉ်ယဉ်သူ (LL.B) |
| (၁၂/မရက(နိုင်)၀၇၅၇၈၇) | အထက်တန်းရှေ့နေ (စဉ် - ၂၅၈၃၂/၂၀၀၇) |
| | ဖုန်း - ၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၇၀၀၄၉၈၁ |


## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ
## (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**


ကမ္ဘာ့ရေးရာ Global Affairs အမှတ်(၃၄) (အောက်တိုဘာ၊ ၂၀၂၅) ထွက်ပြီ



"ကမ္ဘာ့ရွေးကောက်ပွဲစနစ်များအား လေ့လာခြင်း"
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ၊ ကမ္ဘာ့ရေးရာ အမှတ်စဉ်-၃၄ တွင်
- ရွေးကောက်ပွဲနှင့် လွှတ်တော်
- ကမ္ဘာတစ်ဝန်းရှိ ရွေးကောက်ပွဲစနစ်များ
- ဦးတည်ရာမဲ့ ကမ္ဘာကြီးနဲ့ New Gambit
- တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြုအာဆီယံ
- ရုရှား-ယူကရိန်းပဋိပက္ခမှပေးသည့် သမိုင်းသင်ခန်းစာ
- အလားအလာကောင်းသော ကမ္ဘာ့ကော်ဖီဈေးကွက်
- AI နည်းပညာနှင့် အမျိုးသားလုံခြုံရေး စိန်ခေါ်မှုများ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၈၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
(ဖြန့်ချီရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၃၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း ဖြစ်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၁၀ )နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| (ခ) | စာရင်းကိုင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၂ )နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| (ဂ) | ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၁၂ )နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| (ဃ) | ယာဉ်မောင်းစက်ပြင်(၅) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၄ )နေရာ | အခြေခံပညာ အလယ်တန်းအဆင့် |
| (င) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၂)နေရာ | အခြေခံပညာ မူလတန်းအဆင့် |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက်မကျော်လွန်သူဖြစ်ပြီး၊ လက်ရှိဌာန၏ ခွင့်ပြုချက်မူရင်းပါရှိရမည်။ အမျိုးသားများ၊မဟာဘွဲ့ရရှိသူများကို အသက်ကန့်သတ်ချက်အား ဖြေလျှော့ပေးမည်၊
(ဂ) စာပိုဒ်(၁)(ခ)နှင့်(ဂ)ပါ ရာထူးနေရာများအတွက် ဘာသာရပ်ဆိုင်ရာ ဘွဲ့ရရှိသူများနှင့် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူများကို ဦးစားပေးမည်၊
(ဃ) စာပိုဒ်(၁)(ဃ)ပါ ရာထူးနေရာများအတွက် ယာဉ်မောင်းလိုင်စင် (ခ)အဆင့် အတွေ့အကြုံရှိသူဖြစ်ပြီး ယာဉ်ကြီးယာဉ်ငယ်များကို ကျွမ်းကျင်စွာမောင်းနိုင်သူ ဖြစ်ရမည်၊
(င) စာပိုဒ်(၁)(င)ပါရာထူးနေရာအတွက်သန့်ရှင်းရေးလုပ်နိုင်သူများကို ဦးစားပေးမည်၊
(စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဆ) ဌာနတွင်အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်၊
(ဇ) ရွေးချယ်ခန့်အပ်ခြင်းခံရပါက နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်၊
(ဈ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်၊
(ည) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ် (Removal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) အမည်၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊
(ဂ) မွေးသက္ကရာဇ်၊ အသက်၊
(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း၊ တက္ကသိုလ်၊
(စ) လျှောက်ထားလိုသည့်ရာထူး၊
(ဆ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်၊
(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊
(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊
(ည) ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့်E-mail ။

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊
(င) သက်ဆိုင်ရာရဲစခန်းမှ(၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(စ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊
(ဆ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ (၃)ပုံ (ဓာတ်ပုံနောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊
(ဇ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထားမိတ္တူများ၊
(ဈ) သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ (၁)လအတွင်း ရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
(ည) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း www.mge.gov.mm တွင် ရယူနိုင်ပြီး လျှောက်လွှာများကို "ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းအဝိုင်းအနီး၊ နေပြည်တော်"ဟု လိပ်မူ၍ လူကိုယ်တိုင်(သို့မဟုတ်) အမြန်ချောပို့ (သို့မဟုတ်) mgehrnpt@gmail.com သို့ ၂၂-၁၂-၂၀၂၅ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့လျှောက်ထားရမည်။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ www.mge.gov.mm နှင့် ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာ ပေးထားမည်ဖြစ်သည်။

၈။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာမေးခွန်းများကို ၁၀-၁-၂၀၂၆ ရက်၊ နံနက်(၀၉:၀၀)နာရီမှနေ့လယ်(၁၂:၀၀)နာရီထိ ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး၊ ရေးဖြေစာမေးပွဲအောင်မြင်သူကိုသာ လူတွေ့စစ်ဆေးမှုပြုလုပ်မည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို ၂၄-၁၂-၂၀၂၅ ရက်နေ့၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ စီမံဌာနတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ သတ်မှတ်ရက်ထက် နောက်ကျမှရောက်လာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ၊ အထောက်အထား မပြည့်စုံသောလျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်ပါမည်။

၁၁။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များ ပါရှိရမည်ဖြစ်ပြီး၊ မပါရှိပါက စာမေးပွဲဖြေဆိုခွင့်ရမည် မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၀၉-၄၃၀၁၅၈၈၀၊ ၀၉-၂၅၄၂၀၃၀၁၊ ၀၉-၄၀၁၅၅၀၄၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**နေရောင်အောက်က သက်ရှိတွေက စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

## တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာ့အေးမဟာဗောဓိလမ်း၊ အမှတ်(၁၀၃/ခ)နေ ဦးအောင်သန်းညွန့် (ဘ)ဦးအေးမောင် ၉/ပမန(နိုင်)၁၃၅၁၃၇သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃၂၁)နေအိမ်ရှေ့၌ ကားရပ်ထားစဉ်ကားမှန်ကို ရိုက်ခွဲ၍ ကားအတွင်းမှ ဦးအောင်သန်းညွန့်ပိုင်ဆိုင်သော အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်များ၊ နေပြည်တော်၊ ငန်းစပ်ရွာ၊ ဥတ္တရသီရိမြို့နယ်၊ ရေသူထီးစားသောက်ကုန်လုပ်ငန်းအတွက် FDA လက်မှတ်များ၊ KBZ Bank, AYA Bank, A-Bank စာအုပ်များ၊ ဘဏ်ကတ်များ၊ ဦးအောင်သန်းညွန့် မှတ်ပုံတင်မူရင်း၊ ကားလိုင်စင်မူရင်း၊ သန်းခေါင်စာရင်းမူရင်းကို မသမာသူများလက်ဝယ်သို့ ပါရှိသွားပါသဖြင့် စာချုပ်စာတမ်းများကို တွေ့ရှိကောက်ရသူများမှ ဦးအောင်သန်းညွန့် Ph: 09 5125467 သို့ ဆက်သွယ်၍ပေးပါက ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

**ဦးအောင်သန်းညွန့် (၉/ပမန(နိုင်)၁၃၅၁၃၇)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃင်္န်းကျွန်းကြီးစံပြရပ်ကွက်၊ (စံပြ-၅)လမ်း၊ အမှတ်(၁၂၃)ဟု ခေါ်တွင်သော နှစ်ခန်းတွဲ ငါးထပ်တိုက်၏ ၁၂ပေခွဲx၅၀ပေ ကျယ်ဝန်းသော မြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းနှင့် မြေပိုင်ဆိုင်မှုဖြစ်သည့် နှစ်(၆၀) ဂရန်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဒေါ်ယဉ်မျိုးမြင့်၁၁/ရဗန(နိုင်)၀၆၀၈၅၁ကပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဇင်မြင့် ၁၁/ပတန(နိုင်)၀၅၆၉၈၇က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက သတ်မှတ်ထားသည့်ရက်တွင် အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၁၂၅၆၇**

## အများသိစေရန် ကြေညာခြင်း

အောင်မြင်ရွှေဘုံ၊ ရန်ကင်းအောင်ရပ်၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်ရှိ **"ပူတူးလေး"**အမည်တံဆိပ်ဖြင့် ငါးခြစ်လုပ်ငန်းအား တရားဝင် မှတ်ပုံတင်ထုတ်လုပ်လျက်ရှိပြီး ဆင်တူရိုးမှား တုပရောင်းချခြင်း မပြုရန်နှင့် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ရောင်းချနေပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကောင်းမြတ်ထွန်း**
**၁၄/ဇလန(နိုင်) ၁၁၃၆၅၆**
**ဖုန်း-၀၉-၆၆၀၁၇၈၄၈၈**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်မေတ္တာ(ဃ)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁၆၅၄/မြင်းကင်း)၊ ဦးပိုင်အမှတ်(၃၅၃)၊ ဧရိယာ (၀ ဒသမ ၀၆၀) ဧကအား ဒေါ်ဝင်းရီအမည်ဖြင့် မြို့နယ်မြေစာရင်းဦးစီးဌာနတွင် (၁-က)ရေးသွင်းထားခြင်းမရှိသဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် (၁-က) ရေးသွင်းပေးပါရန် ဦးစံထူးမြတ်မှ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားလာသဖြင့် ဤသတင်းစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ညာအပ်ပါသည်။

**ဦးစံထူးမြတ်**
**အောင်မေတ္တာ(ဃ)ရပ်ကွက်**
**ဖုန်း-၀၉-၂၅၉၀၁၃၂၇၂**

## အများသိစေရန် ကြေညာခြင်း

